# မဟာစည်ပါိတောသီ

ဓမ္မစာစောင်



၂၀၀၆၀
၁၀၅၅



ဆဋ္ဌသင်္ဂီတိပုစ္ဆက အဂ္ဂမဟာပဏ္ဍိတ
ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရား

# မဟာစည်ဟိတေသီဓမ္မစာစောင်

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

***မဟာစည်**-ဟူသည် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်၊ **အညာ** စစ်ကိုင်းတိုင်း ရွှေဘို မြို့နယ်နှင့် ၇-မိုင်ကွာ ဆိပ်ခွန်ရွာ၌ ၁၂၆၆-ခုနှစ်တွင် ဖွားမြင်တော်မူခဲ့၍ ယခုအခါ ရန်ကုန် ကုက္ကိုင်း ရွှေဂုံတိုင်စာတိုက်၊ ၁၆-မဟာစည် သာသနာ့ရိပ်သာဝယ် သီတင်းသုံးတော်မူလျက်၊ မြတ်စွာဘုရား၏ ၄၅-ဝါ ဒေသနာခရီးအချုပ် အပ္ပမာဒ မဟာသတိပဋ္ဌာန်ဝိပဿနာအလုပ်ကို သာသနာတော် ၂၅၀၀၊ ဆဋ္ဌသံဂါယနာခေတ်တွင် အာရှတိုက် မြန်မာပြည်မှသည် ကမ္ဘာ့နိုင်ငံများအထိ ဖြန့်ချီတော်မူသည့် ကမ္ဘာ ထိပ်တင် ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးပင် ဖြစ်ပေသည်။

***ဟိတေသီ** ဟူသည် ထို ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ဩဝါဒကို ခံယူ၍ ရန်ကုန် မဟာစည်သာသနာ့ရိပ်သာ၌ တရားအားထုတ်ကြသော ရဟန်း ရှင် လူ ယောဂီများ၏ စားသောက်ရေးကို ချမ်းသာအောင် ဆောင်ရွက်ပေးလျက် ဗုဒ္ဓသာသနာတော် အကျိုးစီးပွါး တိုးတက်ရေးကိုသာ အားပေး ရှာမှီးသော အဖွဲ့ဖြစ်ပေသည်။

***ဓမ္မစာစောင်**-ဟူသည် ထို ဟိတေသီအဖွဲ့တိုးတက်ရေး၊ ဗုဒ္ဓမြတ်စွာသာသနာတော် အရှည်တည်တံ့ ထွန်းကားရေးအတွက် ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး အမှူးပြုသော မဟာစည်ကမ္မဋ္ဌာနာ-စရိယ ဓမ္မကထိကများ တရားဒေသနာများနှင့် မဟာစည် ဗုဒ္ဓသာသနာပြု လုပ်ငန်းများကို စာပေပြုလုပ် ဖော်ဆောင် ဖြန့်ချီမည့် တရားစာစောင် ဖြစ်ပေသည်။

## ဖြစ်ပေါ်လာခြင်း အကြောင်းအရင်း

''အသက်လဲ ကြီးလာပြီ၊ တရားဟော၊ စာရေးအလုပ်တွေကို သိပ်မလုပ်တော့ပဲ အေးအေးနေချင်ပြီ၊ တရားစာစောင်ထုတ်ဝေမယ်ဆိုတာလဲ ကောင်းပါတယ်၊ ဒီကိစ္စကို ဦးကုလနွှက-က တာဝန်ယူ ဆောင်ရွက် နိုင်ယင် ကောင်းတယ်''

''မှန်ပါ ဆောင်ရွက်ပါမယ်ဘုရား၊ တပည့်တော် မဆုံးဖြတ်နိုင်တဲ့အချက်၊ အရေးကြီးတဲ့အချက် လောက်ကိုသာ ဆရာတော်ဘုရားကြီးထံ တင်ပြပြီး အဆုံးအဖြတ်ခံယူပါမယ်ဘုရား''

နေ့ကား ၁၃၄၁-ခုနှစ်၊ ဝါခေါင်လဆုတ် ၅-ရက်နေ့ဖြစ်၏၊ အချိန်မှာ နံနက် ၉-နာရီအချိန် ဖြစ်သည်။ စာရေးသူနှင့် ဟိတေသီအမှုဆောင်များသည် ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးအား စာစောင်ထုတ်ဝေရေးကို လျှောက်ထားကြပါသည်။ ထို့ကြောင့် ဆရာတော်ဘုရားကြီးက ဖော်ပြပါအတိုင်း ခွင့်ပြု ချီးမြှောက် ညွှန်ကြားတော်မူလိုက်ပါသည်။ ထို့ကြောင့်လည်း ဟိတေသီအဖွဲ့ကြီးက ဓမ္မစာစောင် ထုတ်ဝေဖို့ရာ သီးခြားဖော်ပြထားသည့် ဆုံးဖြတ်ချက်အတိုင်း စည်းဝေးဆုံးဖြတ်ကာ အကောင်အထည် ဖော်ကြပါသည်။ ထို့ကြောင့် စာစောင်ပေါ်ထွက်လာခြင်း ဖြစ်ပါသည်။

[illegible] ဦးစီးဌာန
စာကြည့်တိုက်
ကမ္ဘာအေး-ရန်ကုန်။

**မှတ်တမ်းတင် ရှစ်လုံးဖွဲ့**

* မဟာစည်ထေရ်မြတ်-ဝိပဿနာ၊
ယောဂီသုခ၊ ပြည့်ဝစေရာ၊
ဟိတေသီများ-ကြိုးစားညီညာ
ဖတ်ကျင့်ကြ-ဓမ္မစာစောင်ပါ။

မဟာစည်ဆရာတော်ဘုရားကြီး၏ ပျော်ထားခွင့်ပြုချက်နှင့်

# ဟိတေသီ ဓမ္မစာစောင်ထုတ်ဝေရေးအတွက်

# အစည်းအဝေး မှတ်တမ်း

၁။ စည်းဝေးသည့်နေ့စွဲ ၁၉-၈-၇၉။

၂။ အစည်းအဝေးတက်ရောက်ကြသူများ ၂၅-ဦး ဖြစ်ပါသည်။

၃။ စည်းဝေးသည့် အကြောင်းအရာ။ ။မဟာစည် ဟိတေသီဓမ္မစာစောင်ထုတ်ဝေရေး။

၄။ ဆုံးဖြတ်ချက်များ။

(၁) ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ခွင့်ပြုညွှန်ကြားချက်အရ ဟိတေသီ အမှုဆောင်များက အညီအညွတ် သဘောတူညီစွာဖြင့် ဤမဟာစည် ဟိတေသီဓမ္မစာစောင် ထုတ်ဝေရေးကို ဆုံးဖြတ်ကြပါသည်။

(၂) ယင်းစာစောင်ကို ၃-လတကြိမ် ထုတ်ဝေကြပါမည်။

(၃) ထုတ်ဝေသူအဖြစ် ဒေါ်တင်တင်မြကို တာဝန်ပေးကြပါသည်။

(၄) အဖွဲ့၏ ကိုယ်ပိုင်မှတ်ပုံတင်မရမီ ကင်းလွတ်ခွင့် ဓမ္မဒါန မှတ်ပုံတင်ဖြင့် ထုတ်ဝေသွားရန် ဆုံးဖြတ်ကြပါသည်။

၅။ စာစောင်ထုတ်ဝေရေးအဖွဲ့၏ ဩဝါဒါစရိယများအဖြစ် မူလကိုးကွယ်မြဲဖြစ်သော အောက်ပါ ဆရာတော်များကို ဆက်လက်ကိုးကွယ်ရန် အများသဘောတူ ဆုံးဖြတ်ကြပါသည်။

(က) ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး။
(ခ) ဆရာတော်အရှင်သုဇာတမထေရ်
(ဂ) ရွှေရေးဆောင်ဆရာတော်
(ဃ) ဆရာတော်အရှင်ပဏ္ဍိတာဘိဝံသ
(င) ဆရာတော်ဦးသံဝရ
(စ) ဆရာတော်ဦးဇဝန

၆။ ယင်းစာစောင်၏ တာဝန်ခံစာတည်းအဖြစ် ညောင်ကန် အရှင်ဣန္ဒကကို တင်မြှောက်ကြပါသည်။

၇။ စာစောင်ထုတ်ဝေရေးအဖွဲ့ဝင်ကို အောက်ပါအတိုင်း တင်မြှောက်ကြပါသည်။

| | | |
|---|---|---|
| (၁) | ဦးအေးမောင် | ဥက္ကဋ္ဌ |
| (၂) | ဦးညွန့်အောင် | အတွင်းရေးမှူး |
| (၃) | ဒေါ်ခင်အိ | တွဲဘက်အတွင်းရေးမှူး(၁) |
| (၄) | ဒေါ်တင်တင်မြ | တွဲဘက်အတွင်းရေးမှူး(၂) |
| (၅) | ဦးသိန်းတင့် | အမှုဆောင် |
| (၆) | ဦးမြအောင် | ။ |
| (၇) | ဦးဘတင် | ။ |
| (၈) | ဦးတင်အောင် | ။ |
| (၉) | ဦးလှမောင် | ။ |

# နာယက ဆရာတော်များ



ရှေ့တန်း ဝဲ မှ ယာ .... ဦးဇဝန၊ ဦးပဏ္ဍိဘ၊ ဦးသုဇာတ၊
နောက်တန်း ။ .... ဦးကုဏ္ဍလ၊ ဦးသံဝရ၊ ဦးပညာသာမိ။

## ရည်ရွယ်ချက်

(၁) ဗုဒ္ဓမြတ်စွာ သာသနာတော် တည်တံ့ထွန်းကားရေး၊

(၂) မဟာစည်ဆရာတော်ဘုရားကြီး၏ ဩဝါဒခံ ဟိတေသီအဖွဲ့ကြီး၏ တိုးတက်ထွန်းကားရေး၊

(၃) ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး အမှူးရှိသော ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက များ၏ တရားဒေသနာများ၊ မဟာစည်သာသနာပြုလုပ်ငန်းများကို ဖော်ဆောင်ရေး၊

(၄) မဟာစည်ဓမ္မဒေသနာနှင့် သာသနာပြုလုပ်ငန်းများ တကမ္ဘာလုံး ပြန့်နှံ့ ထွန်းကားရေး၊

အမှုဆောင်အဖွဲ့
ဟိတေသီ

### မဟာစည် ဆောင်ပုဒ်

#### အာဒိတ္တသုတ်တရားတော်

၁။ ရာဂ,ဒေါသ,မောဟ တဖြာ၊
ဖြစ်, အို, သေရေး, ပူဆွေးငိုကာ၊
ကိုယ်, စိတ်ဒုက္ခ, ပူရပြင်းစွာ၊
ကိုယ်တွင်းမီး, ထိန်ညီးဆယ့်တဖြာ။

၂။ မြင်ကြားသိတိုင်း, မဆိုင်းမှတ်ပါ၊
ရုပ်နာမ်မမြဲ, ဆင်းရဲချည်းသာ၊
ငါကောင်လဲပျောက်, မျက်မှောက်မြင်ကာ၊
ဆယ့်တသီး, ဤမီးငြိမ်းစေရာ။

# ၁၉၇၉–၈၀–ခုနှစ်အတွက် ဟိတေသီ အမှုဆောင် အဖွဲ့ဝင်များ

| | |
|---|---|
| ၁။ ဦးပွင့်ကောင်း | နာယက |
| ၂။ ဦးကြင်ပို | ။ |
| ၃။ ဦးဘကလေး | ။ |
| ၄။ ဦးသွင် | ။ |
| ၅။ ဦးမောင်တိုး | ။ |
| ၁။ ဦးအေးမောင် | ဂုဏ်ထူးဆောင် |
| ၂။ ဦးကိုကိုကြီး | ။ |
| ၃။ ဦးလှထွန်း | ။ |
| ၄။ ဒေါ်မြရှိန် | ။ |
| ၁။ ဦးမောင်ဟန် | ဥက္ကဋ္ဌ |
| ၂။ ဦးသိန်းတင် | ဒု-ဥက္ကဋ္ဌ(၁) |
| ၃။ ဦးတင်အောင် | ။ (၂) |
| ၄။ ဦးညွန့်အောင် | အတွင်းရေးမှူး |
| ၅။ ဒေါ်တင်တင်မြ | တွဲဘက်အတွင်းရေးမှူး |
| ၆။ ဒေါ်ခင်အိ | ဘဏ္ဍာရေးမှူး |
| ၇။ ဦးသန်းအောင် | စာရင်းစစ် |
| ၈။ ဦးဘတင် | တွဲဘက်စာရင်းစစ် |
| ၉။ ဦးချစ်ဖေ | အမှုဆောင် |
| ၁၀။ ဦးစောလှဖြူ | ။ |
| ၁၁။ ဦးချစ်ထွန်း | ။ |
| ၁၂။ ဦးမြအောင် | ။ |
| ၁၃။ ဦးလှမောင် | ။ |
| ၁၄။ ဦးစိုးမြင့် | ။ |
| ၁၅။ ဦးစိန်ဘသူ | ။ |
| ၁၆။ ဦးထွန်း | ။ |
| ၁၇။ ဒေါ်စောရွှေ | ။ |
| ၁၈။ ဒေါ်လှလှရီ | ။ |
| ၁၉။ ဒေါ်ခင်သိန်း | ။ |
| ၂၀။ ဒေါ်မြသင် | ။ |
| ၂၁။ ဒေါ်ရင်မေ | ။ |

# ဟိတေသီအဖွဲ့အမှုဆောင်လူကြီးများ



နောက်တန်း ရပ်နေသူများ .... ဦးလှထွန်း ( အမှုဆောင် )၊ ဦးမြအောင် ( အမှုဆောင် )။ ဦးဘဘင် ( တွဲဘက်စာရင်းစစ် )။
ဝဲ မှ ယာ ဦးလှမောင် ( အမှုဆောင် )။ ဦးသန်းအောင် ( စာရင်းစစ် )။ ဦးညွန့်အောင် ( အတွင်းရေးမှူး )။
ဦးချစ်ထွန်း ( အမှုဆောင် )၊ ဦးဘင်အောင် ( ဒု-ဥက္ကဋ္ဌ )။ ဦးဘသန်း ( အမှုဆောင် )။

အလယ် ထိုင်နေသူများ .... ဦးသိန်းတင့်(ဒု-ဥက္ကဋ္ဌ)။ ဦးမောင်ထန်(ဥက္ကဋ္ဌ)။ ဦးသွင်(နာယက)။ ဦးမောင်တိုး(နာယက)။
ဝဲ မှ ယာ ဦးချစ်ဖေ ( အမှုဆောင် )၊ ဦးစောလှဖြူ ( အမှုဆောင် )။

ရှေ့တန်း ထိုင်နေသူအမျိုးသမီးများ .... ဒေါ်ရင်ခမ(အမှုဆောင်)၊ ဒေါ်မြသင်(အမှုဆောင်)။ ဒေါ်လှလှရီ(ဆွမ်း,ကွမ်း-အတွင်းရေးမှူး)။
ဝဲ မှ ယာ ဒေါ်ခင်သိန်း (အမှုဆောင်)။ ဒေါ်စောရွှေ (ဆွမ်း,ကွမ်း-ဥက္ကဋ္ဌ)။ ဒေါ်ခင်အိ (ဘဏ္ဍာရေးမှူး)
ဒေါ်တင်တင်မြ (တွဲဘက်အတွင်းရေးမှူး)။

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ဩဝါဒခံသော

ဟိ တေ သီ အ ဖွဲ့ ၏

# ဆောင်ရွက်ဖွယ်ကုသိုလ်တော်များ

အများသော ယောဂီသူတော်စင်များ သိပြီး ဖြစ်သည့်အတိုင်း ဟိတေသီအဖွဲ့သည် မဟာစည်သာသနာ့ရိပ်သာအတွင်း နိဗ္ဗာန်ရောက်ကြောင်း ဝိပဿနာအကျင့်မှန်တရားကို အားထုတ်လိုသူတို့အား မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သည်အထိ ချမ်းသာစွာ အားထုတ်နိုင်ရန် မမိုတ်မသုန် ကြိုးပန်းလျက် အထောက်အပံ့ပြုခဲ့ပေသည်။

မဟာစည်သာသနာ့ရိပ်သာတွင် ဟိတေသီအဖွဲ့၏ အဓိကတာဝန်မှာ ဆွမ်းခဲဘွယ်ဘောဇဉ် ဆက်ကပ်လှူဒါန်းခြင်း ဖြစ်သည့်အလျောက် ယင်းအဖွဲ့ကို အကြောင်းပြု တရားအားထုတ်ရန် ရောက်ရှိလာကြသော ယောဂီများအား စားသောက်ရေးကိစ္စ၌ ဝန်လေးမှု မရှိခဲ့ပါမူလည်း အခမဲ့ကျွေးမွေးထောက်ပံ့၍ သဒ္ဓါတရားကြည်ဖြူစွာဖြင့် ကမ္မဋ္ဌာန်းတရား အားထုတ်သူများအဖို့ လောကုတ္တရာအကျိုးစီးပွါးကို အလိုကျရှာမှီးနိုင်ရေးအတွက် အကူအညီပေးလျက် ရှိပါသည်။

ထို့အပြင် ရိပ်သာအတွင်းရှိ ရဟန်း ရှင် လူ ယောဂီအပေါင်းတို့အား ဟိတေသီအဖွဲ့ကို အကြောင်းပြု၍ ဆွမ်းချက်ကပ်လှူဒါန်းလိုသူများ ပေါ်ပေါက်လာသည့် အခါများတွင်လည်း အလှူရှင်၏စေတနာအတိုင်း လိုအပ်သော ကျွေးမွေးဆက်ကပ်ခြင်းတို့ကို ပြုလုပ်ခဲ့၍လည်း အဖွဲ့ဝင် အလှူရှင်တိုင်း ကြည်နူးဝမ်းမြောက်လျက်ရှိကြပါသည်။

ဟိတေသီအဖွဲ့ဝင်များသည် ရိပ်သာအတွင်း ဆွမ်းကိုရင်း တိုင်းရင်းမြန်မာဆေးများကို ၎င်း ဆက်ကပ်လှူဒါန်းခြင်းဖြင့် ရောင့်ရဲတင်းတိမ်ခြင်းမရှိဘဲ ရိပ်သာ၌ ဆောက်လုပ်ထားသော အဓိကအဆောက်အဦများတွင် ဥပမာ (အများအလှူတော်ငွေဖြင့် ဆောက်လုပ်သော သုစိတ္တာဓမ္မ ကျောင်းအတွက်) ရက်ရက်ရောရော အလှူငွေများထည့်ဝင်ခြင်း၊ အဖွဲ့ချုပ်မှ ကျင်းပသော နေ့ကြီးရက်ကြီးများနှင့် ဆရာတော်ဘုရားကြီး ဩဝါဒခံယူပူဇော်ပွဲ အခါသမယများတွင် စွမ်းပကားကြီးမားစွာဖြင့် အကူအညီပေးခဲ့ခြင်းကို ဟိတေသီအဖွဲ့ဝင်များ သိရှိပြီးဖြစ်ပါသည်။

ထို့အပြင် အဖွဲ့မှ ဆောင်ရွက်ရမည့် လုပ်ငန်းကဏ္ဍ အလိုက် အဖွဲ့ငယ် (၇)ဖွဲ့ ထားရှိပြီးလျှင် ဝေယျာဝစ္စကိစ္စအဝဝတို့ကို အင်တိုက်အားတိုက် ညီညွှန်းဆောင်ရွက် ချမှတ်ထားရှိသော အဓိဋ္ဌာန် (၅)ချက်နှင့် လျော်ညီစွာ ကျင့်သုံးလိုက်နာခဲ့ပါသည်။

## အဖွဲ့၏ ကုသိုလ်တော် (၇)ရပ်နှင့် လုပ်ဆောင်ချက်များ

၁။ ဆွမ်းဝေယျာဝစ္စအဖွဲ့ငယ်တွင် နေ့စဉ်သံဃာအမျိုးသား အမျိုးသမီးယောဂီ (၂၀၀)ခန့်ကို ဆွမ်း ထောက်ပံ့လှူဒါန်းလျက်ရှိပါသည်။

၂။ အလှူရှာဖွေရေးအဖွဲ့ငယ်တွင် ယောဂီများ ဆွမ်းကွမ်းထောက်ပံ့လှူဒါန်းနိုင်ရန်အတွက် အစဉ်ကြိုးစားလျက် ရှိပါသည်။

၃။ အဆောက်အဦ မွမ်းမံပြင်ဆင်ရေးအဖွဲ့ငယ်တွင် တိုးချဲ့အဆောက်အဦများနှင့် လိုအပ်သော ဆောင်ရွက်ဖွယ်များ လုပ်ဆောင်လျက် ရှိပါသည်။

၄။ ဒုလ္လဘရဟန်းခံရှင်ပြု အဖွဲ့ငယ်တွင် နှစ်စဉ် ရဟန်းခံရှင်ပြုပွဲပြုလုပ်လျက် ရဟန်းသာမဏေ သီလရှင် (၁၅၀)ကျော်ကို အဖွဲ့မှ ပြုလုပ်ပေးလျက်ရှိပါသည်။

၅။ ဇီဝိတဒါနကျန်းမာရေး တိုင်းရင်းဆေးအဖွဲ့ငယ်တွင် နေ့စဉ်တရားအားထုတ်လျက်ရှိသော ယောဂီများကို သမားတော်ကြီးများကိုယ်တိုင် ဆေးဝါးကုသပေးလျက်ရှိကြပါသည်။

၆။ လပြည့်ဥပုသ်သည်အဖွဲ့ငယ်တွင် လပြည့်နေ့တိုင်း ဥပုသ်သည်များကို အဖွဲ့မှ ဆွမ်းစရိတ် သုံးကျပ်ယူပြီး ကျွေးမွေးဆောင်ရွက်ပေးလျက်ရှိပါသည်။

၇။ ဓမ္မဒါနစနေတရားပွဲ အဖွဲ့ငယ်တွင် စနေနေ့တိုင်း တရားပွဲများကို အလှည့်ကျဆရာတော် များက ဝိပဿနာတရားတော်များကို ဟောကြားတော်မူပါသည်။

အထူးသဖြင့် ဆောင်ရွက်သည်မှာ နှစ်သစ်ချိန်ခါကုသိုလ်ရှာ နှစ်ဟောင်းကုန်ပျောက် နှစ်သစ်ရောက်တိုင်း ဟိတေသီအဖွဲ့ဝင်များသည် (ဒါန သီလ ဘာဝနာတည်းဟူသော ကိုယ်ပိုင် အစီးအပွါးကို) ရှာမှီးစုဆောင်းလျက် နှစ်သစ်မင်္ဂလာကို ကောင်းမှုကုသိုလ်နှင့် ကြိုဆိုကာ သင်္ကြန်အကြိုနေ့မှစ၍ နှစ်ဆန်းတရက်နေ့တိုင်း သာသနာ့ရိပ်သာအတွင်း စုရုံးရောက်ရှိလာကြ၍ ဥပုသ်သီတင်း စောင့်သုံးခြင်း၊ သက်သတ်လွတ်စားသုံးခြင်း၊ တရားရှုမှတ်ခြင်း၊ တရားနာ ခြင်း၊ ဆရာတော်ဘုရားများအား ပူဇော်ခြင်း၊ ယောဂီသူတော်စင်များအား ဆွမ်းခဲဘွယ် များ ဆက်ကပ်လှူဒါန်းခြင်း၊ နှစ်သစ်ကူးပဒေသာထူးဖြင့် သက်ကြီးဝါကြီးများအား ပူဇော် လှူဒါန်းခြင်း စသည့်ကုသိုလ်တော်များဖြင့် နှစ်သစ်ချိန်ခါတိုင်း ကုသိုလ်တရားများ ရှာမှီး စုဆောင်း စုပေါင်းဆောင်ရွက်ကြပါသည်။

## ဟိတေသီငွေပဒေသာပင်

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး မ-တည်ငွေတသောင်းနှင့် ဟိတေသီရံပုံငွေမှ ကျပ်တသိန်းငါးသောင်း စုစုပေါင်း တသိန်းခြောက်သောင်းကို ပေါင်းစပ်၍ (၁၄-၈-၇၈) ခုနှစ်တွင် ငွေစုဘဏ် အမှတ်(၂)၌ အပ်နှံထားရှိခဲ့ပါသည်။

(၃၁-၈-၇၉)နေ့အထိ ငွေစုဘဏ် အမှတ်(၂)၌ အလှူရှင်များ ထပ်မံ စုပေါင်း အပ်နှံထားရှိသောငွေများမှာ နှစ်သိန်း လေးသောင်း ခုနစ်ထောင် တစ်ဆယ့်ရှစ်ကျပ် ဖြစ်ပါ သည်။ ၎င်းဘဏ်မှရရှိသော အတိုးငွေများကို ဆွမ်းစားရိတ်တွင် သုံးစွဲရန်ဖြစ်ပါသည်။

ဟိတေသီအဖွဲ့ဝင်ပေါင်း (၃၁-၈-၇၉)နေ့အထိ (၁၂၃၉၆)ရှိပါသည်။

ဟိတေသီရာသက်ပန်အဖွဲ့ဝင်ပေါင်း (၃၀-၈-၇၉)နေ့အထိ (၁၉၂၈)ရှိပါသည်။

ဉာဏ်စဉ်နာပြီး ယောဂီပေါင်း ယခုနှစ်တနှစ်အတွင်း (၁၀၀၀)ရှိပါသည်။

# ကွမ်းခြံကုန်းနှင့်မဟာစည်

**မဟာစည်ဒေသနာခရီးကဏ္ဍ**

ပခုက္ကူ-အရှင်ကေသရ

ကွမ်းခြံကုန်းမြို့သည် မဟာရန်ကုန်တိုင်း၌ ပါဝင်သည်၊ ယခင်က ဟံသာဝတီခရိုင် ဖြစ်သည်။ ရန်ကုန်မှ ကွမ်းခြံကုန်းသည် ၃၁-မိုင်၊ ၆-ဖာလုံ ဝေးသည်။ အဆိုပါ ကွမ်းခြံကုန်းမြို့မှာ မဟာစည် သာသနာ့ရိပ်သာခွဲရှိသည်။ ယခုလက်ရှိ အုပ်ချုပ်နေသူမှာ ကျမ်းစာရေးသူနှင့် ရင်းနှီးသော စာသင်ဖက် တံနယ်ထဲသား ရွှေဥမင် ပုခန်း ရွှေဥမင် အရှင် ဥတ္တမာစာရ ဖြစ်သည်။

ကွမ်းခြံကုန်းမြို့သို့ သတိပဋ္ဌာန် လင်းရောင်ခြည် ရောက်ရှိသည်မှာ လွန်ခဲ့သော (၁၃၁၆) ခုနှစ်မှစ၍ ၁၁-နှစ်ခန့်ရှိပြီဖြစ်သော်လည်း သတိပဋ္ဌာန် လင်းရောင်ခြည်ကို ဖြန့်ဝေတော်မူသော အဂ္ဂမဟာပဏ္ဍိတ ဂန္ထကာရက ကမ္မဋ္ဌာနစရိယ **မဟာစည်ဆရာတော်ဘုရားကြီးသည်ကား** လွန်ခဲ့သော (၁၃၂၇) ခုနှစ်၊ တပေါင်းလဆန်း(၁၃)ရက်နေ့၌ ဟံသာဝတီခရိုင် ကွမ်းခြံကုန်းသာသနာ့ရိပ်သာသို့ တရားဒေသနာ အမြိုက်ဆေးကို တိုက်ကျွေးရန် အလို့ငှာ ကွမ်းခြံကုန်း သာသနာ့ရိပ်သာ ဆရာတော်အရှင်ဥတ္တမာစာရနှင့် ယောဂီထောက်ပံ့ရေး အဖွဲ့ဝင် ဒါယကာ ဒါယိကာမတို့ကို ငဲ့ညှာသနား စေတနာထားသော အားဖြင့် ကြွရောက်တော်မူလာသည်။

## အေးပူမျှတ တပေါင်းလမို့

ဗုဒ္ဓမြတ်စွာသည် ဆွေတော် မျိုးတော်တို့၏ ကပိလဝတ်ပြည်သို့ ကာဠုဒါယီပင့်လျှောက်ချက်အရ တပေါင်းလမှာ ကြွရောက်တော်မူသကဲ့သို့ မဟာစည်ဆရာတော်ဘုရားကြီးသည်လည်း အရှင်ဥတ္တမာစာရ ပင့်လျှောက်ချက်ဖြင့် တပေါင်းလမှာ ကြွတော်မူသည်။ မဟာစည်ဆရာတော်ဘုရားကြီး ကွမ်းခြံကုန်းမြို့သို့ ကြွလာချိန်၌ အထူးအားဖြင့် ရာသီဥတုမှာ မပူလွန်း မအေးလွန်း အစွန်းနှစ်ခုလွတ်ကာ သာယာမျှတသော အခါသမယနှင့် ကြုံကြိုက်သဖြင့် ရာသီဥတုသဘာဝကပင် ဆရာတော်ဘုရားကြီးကို ခရီးဦးကြို ဂုဏ်ပြုသည့် အလားသဏ္ဌာန် ဖြစ်နေတော့သည်။

## ကြိုဆိုကြရာ စည်ကားစွာ

ကွမ်းခြံကုန်းမှ တွံတေးမြို့အရောက် ကြိုဆိုကြသောအဖွဲ့များမှာ သာသနာ့ရိပ်သာ ဆရာတော်ကြီးမှူးသော သံဃာတော်များ ယောဂီထောက်ပံ့ရေးအဖွဲ့၊ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့၊ ဗုဒ္ဓဝေယျာဝစ္စအဖွဲ့၊ သာသနာ့ရိပ်သာ ယောဂီများ၊ ဝိသာခါ အမျိုးသမီးအဖွဲ့၊ သူဌေးဝါဒဆေးလိပ်ခုံ ဓမ္မစကြာအဖွဲ့၊ မြို့မဓမ္မစကြာအဖွဲ့၊ သုံးခွရွာ စံပြ ဓမ္မစကြာအဖွဲ့၊ ပေကုန်းရွာ ခါတော်မှီဓမ္မစကြာအဖွဲ့၊ ကော့မှူးမြို့ ဒေါ်ညွန့် ကြီးမှူးသော အမျိုးသမီးအဖွဲ့များ ဖြစ်ပါသည်။

အဆိုပါ အဖွဲ့ဝင်များသည် မော်တော်ယာဉ် (၁၀)စီးဖြင့် လူပေါင်း (၅၀၀)ခန့် စုဝေးကာ အသံချဲ့စက် ၃-လုံးဖြင့် ခရီးဦးကြိုဆို အာစရိယ ဝန္ဒနာဂါထာနှင့် ရွှေခွန်းသံချို ဘုန်းတော်ဘွဲ့ ကဗျာတို့ကို ကောင်းကင်မြေကြီး ပွဲတင်ဟီးအောင် ရွတ်ဆိုပူဇော်လျက် စည်ကားသိုက်မြိုက်စွာ ပူဇော်ကန်တော့ကြသည်။

## တရားနာပရိသတ် ပြည့်ကာကြပ်

ကွမ်းခြံကုန်းမြို့ရှိ သာသနာ့ ရိပ်သာအတွင်း လုပ်သားပြည်သူများကောင်းမှု ဓမ္မမဏ္ဍပ်ကြီး၌

တပေါင်းလဆန်း(၁၃၊ ၁၄၊ ၁၅)ရက်နေ့ညများ၌ မဟာစည်ဆရာတော်ဘုရားကြီးသည် သတိပဋ္ဌာန် တရားဒေသနာမိုးကို ရွာသွန်းပြီး ချောက်နှုန်း၊ ပေ(၈၀)ပတ်လည် တိုက်ကျောင်းကြီး ပြည့်လျှံကာ တရားနာပရိသတ်ပေါင်း(၂၀၈၀)ကျော် တရားတော်ကို နာယူကြပါသည်။

### မဟာစည် ဓမ္မဆောင်ပုဒ်များ

၁။ အိုသည်တိုင်အောင် ကောင်းတာ ဘယ်ဟာလဲ၊

၂။ အိုသည် တိုင်အောင် ကောင်းတာ သီလဘဲ။

၃။ ခိုင်မြဲတည်တံ့လျှင် ကောင်းတာ ဘယ်ဟာလဲ၊

၄။ ခိုင်မြဲ တည်တံ့လျှင် ကောင်းတာ သဒ္ဓါတရားဘဲ။

၅။ လူ့ရတနာ ဘယ်ဟာလဲ၊

၆။ လူ့ရတနာဟာ အသိအလိမ္မာပညာဘဲ။

၇။ မခိုးနိုင်တာ ဘယ်ဟာလဲ၊

၈။ မခိုးနိုင်တာ ကုသိုလ်ကောင်းမှုဘဲ။

၁။ အနိစ္စကို သိရမည်၊ အနိစ္စလက္ခဏာကို သိရမည်၊

၂။ အနိစ္စာ နုပဿနာကိုသိရမည်။

၃။ ဖြစ်ပျက်သမျှ ရုပ်နာမ် ခန္ဓာက အနိစ္စ တရား။

၄။ ဖြစ်ပေါ်ပြီးနောက် ကွယ်ပျောက်သွားတာက အနိစ္စလက္ခဏာ။

၅။ ရှုမှတ်ဆဲမှာ ကွယ်ပျောက်သွားတာကို တွေ့ရ၍ မမြဲဟုသိတာက အနိစ္စာ နုပဿနာဉာဏ်။

၆။ အနိစ္စ မြင်လျှင် ဒုက္ခထင်သည်၊

၇။ ပုံယင်တော့ အနက်ပြင်သည်။

၈။ အနုပ္ပပြင် နိဗ္ဗာန်ခွင် ပြေးဝင် ဆိုက်ရောက်သည်။

၉။ နိဗ္ဗာန်ပြင်၌ အပါယ်မှ လုံးဝ လွတ်မြောက်သည်။

ဤသို့ အနက်ရှိသော ဆောင်ပုဒ်များနှင့်တကွ အသေး စိတ်ပြောလျက် အကျယ်ချဲ့ဟောကြားတော်မူရာ ဒါယကာ ဒါယိကာမများ အနေနှင့် ဝမ်းမြောက်ဝမ်းသာ ပီတိပန်းဖြာ၍ သဒ္ဓါပသန္န တိုးပွားကြရသည်။

### ကုသိုလ်အကျိုး လွန်ပွါးတိုး

ကွမ်းခြံကုန်း မြို့မရပ် ဦးဘရင်-ဒေါ်လှဝိုင်း သမီး ဝင်းဝင်းကြည်တို့က တရားပွဲရက်အတွင်း မြို့လုံးကျွတ် သံဃာတော်များအား နေ့စဉ် ဒန်ပေါက်ဆွမ်း၊ အုန်းဆွမ်းတို့ဖြင့် ဆက်ကပ် လှူဒါန်း၍ မဟာစည်ဆရာတော်ဘုရားကြီးကိုကား ဆရာတော်ဘုရားကြီး၏ ဆန္ဒအရ အသက်သတ်လွတ် ဆွမ်းဟင်းတို့ဖြင့် ဆက်ကပ် လှူဒါန်းကြပါသည်။

### ဩဝါဒခံယူပွဲ

တပေါင်းလပြည့်နေ့၌ဩဝါဒခံယူပွဲကျင်းပ၍ ရပ်ဝေးမှ လာရောက်ကြသော တရားနာပရိသတ်တို့အား အထက်ဖော်ပြပါအတိုင်း ကုသိုလ်ရှင်တို့က ထမင်းဖြင့် ဧည့်ခံကျွေးမွေးကာ ကုသိုလ်ယူကြပါသည်။ တပေါင်းလပြည့်ကျော် (၁) ရက်နေ့၌ ကွမ်းခြံကုန်း မြို့မရပ် နေအိမ်သို့ မဟာစည် ဆရာတော်ဘုရားကြီးကို ပင့်ကာ ဆွမ်း ဆက်ကပ် လှူဒါန်းကြပြီး သင်္ကန်းဒွိစုံတို့ဖြင့် ပူဇော်ကာ ရေစက် သွန်းချ အမျှဝေကြသည်၊ အဆိုပါနေ့ ညနေ ၃-နာရီအချိန် မဟာစည် ဆရာတော်ဘုရားကြီး သည် ကော့မှူးမြို့သို့ ခရီး ဆက်ကြွတော်မူပါ သည်။

### အာစရိယ ဝန္ဒနာ ဂါထာ

ဂုဏာဓာရံ မဟာထေရံ၊
မယံ ဝန္ဒာမ သက္ကစ္စံ။
ပစ္စုဋ္ဌေမ စ ပူဇေမ၊
ပဋိပတ္တိရသံ ဒေန္တံ။ ။

ဘန္တေ၊ သီလသမာ မြတ်ပညာဖြင့် လွန်စွာ ထင်ရှား မဟာစည်ဆရာတော် အရှင်မြတ်ကြီး ဘုရား။ မယံ၊ ဟံသာဝတီခရိုင် တူပြိုင် ညီညာ သမ္မာဆန္ဒ ပြည့်ဝ လေကောင်း ကွမ်းခြံကုန်း မြို့သူမြို့သား နယ်သူနယ်သား ယောဂီထောက် ပံ့ရေး ဒါယကာ ဒါယိကာမ အပေါင်းတို့သည်။ ဂုဏာဓာရံ၊ အဂ္ဂမဟာပဏ္ဍိတာနှင့် ဓမ္မာစရိယ ဂန္ထကာရက နာမတွင်ညောင်း ဂုဏ်အပေါင်း၏ တည်ရာ ဖြစ်တော် မူသော။ ပဋိပတ္တိရသံဒေန္တံ၊ ပဋိပတ်အရသာကို ပေးတော်မူတတ်သော။ ဝါ၊ နိဗ္ဗာန်မြို့နန်း ကျင့်စခန်းဖြင့် အမြင့်လမ်းသို့ တက် လှမ်းဖို့ရာ ရသာမွန်မြတ် ပေးတော်မူတတ်သော။ မဟာထေရံ၊ သမထ ဝိပဿနာ ဖြာဖြာစီးဖြန်း ကမ္မဋ္ဌာန်း နည်းပြ မဟာထေရမို့ များလှစုံစွာ ဂုဏ်ပေါင်းဖြာလျက် ကြွေငြာတုံဟည်း ကျေးဇူး ရှင် မဟာစည်ဆရာတော်ဘုရားကြီးကို။ သက္ကစ္စံ၊ အဖြာဖြာအဖုံဖုံ အရှင့်ဂုဏ်ကို အာရုံပြုကာ ရိုသေ စွာ။ ဝန္ဒာမ၊ သဒ္ဓါရေမိုး ရွာစွေ ဖြိုးလျက် မြတ်နိုး ကြည်သာ ရှိခိုးကန်တော့ ပါ၏ အရှင် ဘုရား။ ဝါ၊ ကြည်ကြည် နူးနူး စေတနာ မြူး လျက် နဖူးပေါ်တွင် ဆယ်လက်တင်ကာ ရှိခိုး ကန်တော့ကြပါကုန်၏ အရှင်ဘုရား။ ပစ္စုဋ္ဌေမစ၊ သမ္မပ္ပဓာန ဝီရိယဖြင့် လုံ့လထားကာ ကြွရောက် လာငြား ဆရာတပါးမို့ ခစားကြည်ညို သဒ္ဓါ ပိုလျက် ခရီးဦးလဲ့ ကြိုဆိုကြပါ ကုန်၏ အရှင် ဘုရား။ ပူဇေမစ၊ အရှင့်သန္တာန် တရားမှန်ကို ရည်သန် ကော်ရော် ပူဇော်လဲ ပူဇော် ကြပါ ကုန်၏ အရှင်ဘုရား။ ပူဇေမ၊ ယုံကြည်စိတ်ထား ဂါရဝတရားဖြင့် လေးစား ကော်ရော် နှောင် ကျိုးမြော်လျက် ပူဇော်ကြပါ ကုန်၏ ကျေးဇူး တော်ရှင် မဟာစည်ဆရာတော် အရှင်မြတ်ကြီး ဘုရား။

### ကြိုဆိုရှိခိုး ဦးနှိမ်ချီးရာ မြတ်ဂါထာ

ကရေယျာမ သောဘနံ တံ၊
ပစ္စုဋ္ဌေယျာမ ဝန္ဒနံ။
ပူဇေမ ဂန္ထကာရကံ၊
မမ္ပိ ဒေသေတု မာဂတံ။ ။

ဘန္တေ၊ သတ္တဝါများ ရင်ပယ် သားသို့ သနားမေတ္တာ ကရုဏာဖြင့် ဒေသနာဓမ္မ ဟော ညွှန်ပြဖို့ ကြွရောက် လာငြား မဟာစည် ဆရာ တော် အရှင်မြတ်ဘုရား။ မယံ၊ သာသနာရေး အသက်ပေး၍ မနွေးပြုလုပ် ယောဂီ ထောက်ပံ့ ရေး အကျွန်ုပ် တို့သည်။ ဓမ္မံ၊ သွာက္ခာတတာ အစဖြာသည့် ဆရာဂုဏ်မြတ် ပြည့်စုံလတ်၍ ဝဋ် ဇာတ်အပါယ် လွတ်ထွက်လွယ်ဖို့ ဆက်သွယ် ပေး တတ် တရားမြတ်ကို။ ဒေသေတုံ၊ ဟံသာဝတီ ခရိုင်ဆီ၌ နာမည်ပြန့်မွှေး ရန့်ပြေး၍ ပဂေးဆိုစို့ ကွမ်းခြံကုန်းမြို့၌ မချို့ရှိန်ဖြာ ဟောကြားခြင်းငှါ။ အာဂတံ၊ သုံးလူ့ထွဋ်ထား မြတ်ဘုရားသို့ သနား မေတ္တာ သမ္မာဆန္ဒ ဝီရိယဖြင့် ကြွရောက် လာ သော။ ဂန္ထကာရကံ၊ ပရိယတ် ပဋိပတ် နှစ်ရပ် သာသနာ ပြန့်ပွါးရာမို့ ကျမ်းစာထူးတွေ ပြုတော် မူတတ်ပေသော။ တံသောဘနံ၊ အဂ္ဂမဟာပဏ္ဍိ တာမို့ ပညာရှိလတ် အရှင်သောဘန အမည် ရှိသော အရှင်မြတ်ကို။ ပစ္စုဋ္ဌေယျာမ၊ ရိုသေ လှစွာ ဦးနှိမ်ပါ၍ ဆရာသမဏ ဂါရဝဖြင့် တင် သ,ပဏာ ရှင်ပျစွာ ကြိုဆိုကြပါကုန်၏ အရှင် ဘုရား။ ဝန္ဒနံ၊ လက်သီး အပေါင်း လက်ဆယ် ချောင်းကို ဦးခေါင်းတင်ပြု ရှိခိုးခြင်း အမှုကို။

ကရေယျာမ၊ အရှင့်ဘုန်းဂုဏ် မွေးပြန့်ထုံကို ဖုံဖုံ တင့်ဆန်း စိတ်ရည်မှန်းကာ ပူလုပ်ကြပါ ကုန်၏ အရှင်ဘုရား။ ပူဇေမ၊ ပူဇော်ကြပါ ကုန်၏။ ပူဇေမ၊ တင်ချီဂါရဝ အဥ္ဇလိပဏာမဖြင့် ဆရာ သမဏဂုဏ် စိတ်ဓာတ်ထုံကာ ယုံကြည်ပါ၍ ကြုံခါ ဆင်နွဲ ပူဇော်ပွဲ အနေဖြင့် ဩော်.... ချီးကျူးပူဇော် ကြပါကုန်၏ အရှင်မြတ်ကြီးဘုရား။

### ထေရ်ဆရာ့အား ချီးမွမ်းပူဇာ မြတ်ဂါထာ

ဓမ္မံ ဒေသေတွာန ဌိတံ၊
မဟာထေရံ ပသံသိတံ။
ဒတွာ ဇနာန မောဝါဒံ၊
ပသံသေယျာမ တေ မယံ။ ။

ဘန္တေ၊ မေတ္တာ စိတ်ထား မြတ်တရားကို ဟောကြားပေတတ် အရှင်မြတ်ဘုရား။ ဇနာနံ၊ ဗုဒ္ဓဘာသာ လူများစွာတို့အား။ ဝါ၊ သံသရာ ဘေး လွတ်လပ်ရေးကို မြော်တွေး ကြငြား လူ အများတို့အား။ ဩဝါဒံ၊ နေနည်း ထိုင်နည်း နိဿယည်းနှင့် ရှုနည်း ဝိပဿနာ အဖြာဖြာ အစုံစုံ ဆုံးမဩဝါဒအဖုံဖုံကို။ ဒတွာစ၊ မေတ္တာ စိတ်ထား သနားကြည်ဖြူ ပေးတော်မူပြီး၍ငင်း။ ဓမ္မံ၊ လေးဆယ့်ငါးဝါ အချိန်ကြာအောင် မြတ် စွာဗုဒ္ဓ မြွက်ဟမိန့်ကြား မြတ်တရားကို။ ဒေသေ တွာနစ၊ ကမ္ဘာ့ခြံကုန်း သာသနာ့ ရိပ်သာမှာ လာသမျှ မိတ်သဟာဓမ္မမိတ်ဆွေတို့အား ဟော ကြားတော် မူပြီး၍ငင်း။ ဌိတံ၊ တည်ကြည်ငြိမ် သက် မလှုပ်ယှက်ပဲ နှုတ်ဆက်ခွန်းချွေ တည်နေ တော် မူသော။ ပသံသိတံ၊ လက်ဖျစ် ရိုက်တီး မြေတုန်ဟီးအောင် အံ့ချီးသိုက်မြိုက် ချီးမွမ်းခြင်း ငှါ ထိုက်သော။ မဟာထေရံ၊ သီလသမာ မြတ် ပညာနှင့် သိက္ခာသုံးပါး မြတ်တရားကို ကြိုးစား အားထုတ် ပြုလုပ်ရှာမှီး ပဋိပတ်နည်းကို သိပ် သည်းလှစွာ ဘာဝနာ ကျင့်စခန်း အမြင့်လမ်း

### မဟာစည် ဆောင်ပုဒ်

**သမ္ပဇဉ် ၄-ပါး တရားတော်**

၁။ ကျိုးရှိသလား၊ မရှိလား။
စဉ်းစားတာက သတ္ထက၊

၂။ သင့်တော်ရဲ့လား၊ မတော်လား၊
စဉ်းစားတာက သပ္ပါယ။

၃။ ရုပ်ဓာတ် နာမ်ဓာတ်၊ စဉ်မပြတ်၊
ရှုမှတ်တာက ဂေါစရ။

၄။ မမြဲဆင်းရဲ၊ သဘောဘဲ၊
အသိကွဲတာက အသမ္မောဟ။

---

ညွှန်ကြား မဟာစည်ဆရာတော်ဘုရားကို။ တေ- မယံ၊ ယောဂီ ထောက်ပံ့ သီးသန့်အဖွဲ့ ထိုမှ ချဲ့ လျက် သက်သက်စေတနာ လာလာသမျှ မြို့မှာ ရှိသမျှ ဒကာ ဒကာမ အဝဝ အဖုံဖုံစုံစုံ လင်လင် စိတ်ထားကောင်း ဝင်သည့် သူတော်စင်ဃမုတ် ကမ္ဘာ့ခြံကုန်းမြို့နေ ထိုအကျွန်ုပ်တို့သည်။ ပသံသေ ယျာမ၊ ချီးမွမ်းကြပါ ကုန်၏။ ပသံသေယျာမ၊ ကျေးဇူးတရား တုံ့ပြန်သော အားဖြင့် အများ စုခါ မြတ်ရိပ်သာ၌ ထေရ်ဆရာပူဇော်ပွဲ စီစဉ် ကာ နွဲပါလို့ ပြုလုပ်မြဲ ဓမ္မတာ ကန်တော့ပန်း အဖြာဖြာ တို့ဖြင့် အော်....ချီးမွမ်းကြပါ ကုန်၏ အရှင်မြတ်ကြီးဘုရား။ ။

ဌာန................ကမ္ဘာ့ခြံကုန်း သာသနာ့ရိပ်သာ။
ဆော်ဩသူ...................... အရှင်ဥတ္တမာစာရ။
ရေးသားဂုဏ်ပြုသူ..........ပခုက္ကူ-အရှင်ကေသရ။

မဟာစည် သာသနာ့ရိပ်သာ ဟိတေသီ ဓမ္မာရုံပေါ်မှာ ဂရတ်(ဂ်)ဂဲလ်ဘရိ(သ်) (လက်ျာဖက်က) သည်၊ အနောက်တိုင်းသား ယောဂီရဟန်းများနှင့်အတူ အမှတ်တရားဖြင့် ဆွမ်းဘုဉ်းပေးနေပုံ။ →





ငြင်းလေးရွာမ၊ ကျောင်းနီကျောင်းတွင်းမှ ↑
ခန့်ပညာမြောက်သော ကနုတ်ပန်းနှင့်
ကျောက်ဆင်းတုရုပ်ပွား



↑ ဂရတ်(ဂ်)ဂဲလ်ဘရိ(သ်)သည် တရားအောင်ပွဲ လူဝတ်လဲ၍ တရားအားထုတ်ဖက် ဟိတေသီ ရဟန်းရှင်လူ ယောဂီများအား အရှက်နို့ ဆွမ်း လှူဒါန်းနေပုံ။



← ဂရတ်(ဂ်)ဂဲလ်ဘရိ(သ်)သည်၊ တရားအောင်ပွဲ လူဝတ်လဲ၍ တရားအားထုတ်ဖက် ဟိတေသီ ရဟန်းရှင်လူ ယောဂီများအား အရှက်နို့ ဆွမ်း လှူဒါန်းပြီး အနောက်တိုင်း ယောဂီ များနှင့် အတူ တပျော်တပါး စားနေပုံ။

အင်းလေးခေါင်ကိုင် →
စခန်းဆိ
ဘုရားစေတီ





↑ အင်းလေး ဖေါင်တော်ဦးဘုရား
ဒေသစာရီ
ကြွချီတော်မူပုံ



အင်းသူပျိုဖြူ ↑
နှင့်
အင်းလေးယက္ကန်းစင်



← အင်းသားများက လှေယာဉ်ဖြင့်
ညောင်ကန်အရှိကုန္ဒကအား
အင်းလေးနန်းပန်သို့ ပင့်ဆောင်ကြပုံ

# သတင်းမွှေးသည့်အင်းလေးသို့

ညောင်ကန်- အရှင်ဣန္ဒက

စာရေးသူ စာသင်သား ကိုရင်ဘဝဖြင့် မန္တလေးမြို့ အနောက်ပြင် မိုးကောင်းကျောင်းတိုက် ဂန္ဓာရီကျောင်း၌ နေခဲ့စဉ်က လမ်းဘေး၌ ပြသော ရုပ်ရှင်သတင်းကားကို ကြည့်ခဲ့ရဘူးသည်။

ထိုသတင်းကားတွင် တောင်တန်းကြားအင်း ရေပြင်ဝယ် ခြေထောက်ဖြင့် လှေလှော်နေပုံကို တဒင်္ဂမျှမြင်လိုက်ရသော မြင်ကွင်းမှာဆင့် စိတ်အာရုံ၌ စွဲထင်ခဲ့၏။ ထူးခြားသော ဒေသတခုဟုလည်း သိမှတ်ခဲ့ရ၏။ ဤသည်မှာ စာရေးသူ ဦးဆုံးတွေ့သိရဘူးသော သတင်းမွှေးသည့် အင်းလေးအကြောင်း။

ထို့နောက် အင်းသားတို့ စုပေါင်းထုတ်ဝေသော ပွင့်ဦးလွှာမဂ္ဂဇင်းကို ဖတ်ရှုရသောအခါ စာတွေ့အားဖြင့် သတင်းမွှေးသည့် အင်းလေးအကြောင်းကို ပိုမိုသိခွင့်ရခဲ့၏။ နဘေအရာ အထူးဂုဏ်ရပါသည့် စလေဆရာ ဦးပုညက-မူ သူ၏ ညောင်ရွှေမြို့ဘွဲ့ မေတ္တာစာ၌ သတင်းမွှေးသည့် အင်းလေးအကြောင်းကို ဤသို့ ရေးဖွဲ့ခဲ့၏။

> ရွှေပြည်သိင်္ဂါ၊ တောင်လက်ျာဝယ်၊ ထက်စွာ မြင့်ခေါင်၊ ပြာရည်မှောင်သည်၊ သန်ကောင်ဂီရိ၊ မိုးတရိက၊ မြရည်စိုစို၊ မြေတခိုတွင်၊ ရေညိုပျံ့သင်း၊ ညောင်ရွှေအင်းလဲ၊ နက်ပင်းသုံးရန်၊ နန္ဒာကန်သို့၊ သဏ္ဍာန်မခြား၊ ရေကျက်စားသည်၊ ရေသားတံငါ၊ စီးပွားရှာတို့၊ ကွန်ချာဖွင့်ရုပ်၊ ဝင့်ကာအုပ်၍၊ ပေါ်ငုက်လူးလာ၊ မြူးစကာနှင့်။

ဤသို့ စလေဆရာဦးပုည၏ မေတ္တာစာအရဆိုလျှင် ညောင်ရွှေမြို့၏ တောင်ဖက်လက်ျာဝယ် မိုးလောက်မြင့်မား တောင်ပြာကြီးများ၏ အကြားရှိသော မြစိမ်းရောင်ကျွန်းမျောတို့ဖြင့် တန်ဆာဆင်သည့် ရေညိုပြန့်သင်း ညောင်ရွှေအင်းသည် နတ်တို့ပျော်ရာ တာဝတိံသာ နန်းက နန္ဒာကန်နှင့်တူ၍ ဝမ်းရေးတွက်တာ မနေသာသဖြင့် ရေမှာပေါ်လိုက် ငုတ်လိုက် ကွန်ချာကို ဖွင့်လိုက် အုပ်လိုက်ဖြင့် ရေမှာကျက်စား ရေသားတံငါတို့သည် လူးလာဆန်စုံ မြူးပျော်နေကြပုံမှာ ကြည်နူးစရာ ကောင်းလှသည်-ဟု ဆိုရပေမည်။

ထို ဖော်ပြပါ ပွင့်ဦးလွှာမဂ္ဂဇင်း၌ ခေတ်သစ်စာရေးဆရာ ဒဂုန်မင်းသုဝဏ်ကလဲ သတင်းမွှေးသည့် အင်းလေးအကြောင်းကို သူ၏ အင်းလေးကန်ကဗျာဖြင့် ဤသို့ ဖွဲ့ဆိုထားသေး၏။

> ပေါင်ပတ်ဝန်း၍၊ မျှော်မှန်း လေရာ၊ စိမ်းလဲ့ပြာသည်၊ နန္ဒာကန်လော၊ ငါတွေးတောခဲ့။
>
> သစ္စာမချွတ်၊ မေတ္တာဆွတ်၍၊ ညီညွတ်မျှတ၊ ဆက်ဆံကြသည်၊ ဓမ္မပါလော၊ ငါတွေးတောခဲ့။
>
> ထိုအင်း ထိုကန်၊ ထိုရပ်ဌာန်တွင်၊ ကြည်မွန်တရား၊ ကျင့်ပွားများလျက်၊ ရှည်လျားသံသာ၊ တိုးကြောင်းရှာမူ၊ သင့်ရာသလော၊ ငါတွေးတောခဲ့။ ။

သူ့ကဗျာအရ သူတွေးပုံမှာ “တောင်ပတ်လည်ဝန်းရံနေ၍ မြင်ကွင်းအားလုံး စိမ်းလဲ့ပြာနေသော အင်းလေးကန်သည် တာဝတိံသာနတ်ပြည်က နန္ဒာရေကန်နှင့်တူလေသလောဟု ငါတွေးမိခဲ့သည်။

အင်းသူ အင်းသားတို့သည် အချင်းချင်း ဆက်ဆံကြရာ၌ ကပိသစ္စာ တည်ကြသည်။ မေတ္တာထားကြသည်။ ညီညွတ်မျှတကြသည်။ ထို့ကြောင့် (ဇာတက၊ ၁၅-၄-၅၈) မဟာဓမ္မပါလရွာနှင့်တူသည်ဟု ငါတွေးမိခဲ့သည်။

ထို အင်းလေးဒေသ၌ အမြတ်တရားကျင့်ပွားလျက် သံသရာထွက်ရပ် နိဗ္ဗာန်မြတ်ကို ရှာဖွေနေထိုင်ရလျှင် သင့်လျော်မည်လားဟု ငါတွေးမိခဲ့သည်” ဟူ၍ဖြစ်၏။

ထို့ပြင် စာရေးသူသည် အင်းလေးဖောင်တော်ဦးဘုရားတန်ခိုးကြီးကြောင်းနှင့်အင်းလေးဖောင်တော်ဦးဘုရား စည်ကား သိုက်မြိုက်ပုံအကြောင်းတို့ကိုလည်း

အကြိမ်ကြိမ် ကြားသိရ ဘူးပါသည်။ အင်းလေး ဘန်ကောက်လုံချည် ဇင်းမယ်လုံချည်များ ဝတ်ဆင်သူတို့ကိုလဲ မြင်တွေ့ရဘူးပါသည်။ အင်းလေးလွယ်အိတ်ကိုမူ ကိုယ်တိုင်အသုံးချဘူးပါသည်။

အင်းလေးကို နိုင်ငံခြားသားများပင် လာရောက်လေ့လာကြကြောင်းကိုလည်း သိမှတ်ရဘူးပါသည်။ အင်းလေးပြန် ရဟန်း ရှင် လူ တို့ ထံမှလည်း အင်းလေးအကြောင်း သောင်းပြောင်း ထွေလာတို့ကို ကြားရဘူးပါသည်။ လူထုဦးလှ၏ အင်းလေးပုံပြင်ကို ဖတ်ဖူးသလို မောင်တင်မြိုင် (အင်းလေး) ၏ အင်းလေးတိုက် တေးများကိုလည်း ဖတ်ဘူးပါသည်။

အင်းလေး၏ ဂုဏ်သတင်းသည် မြန်မာပြည်တွင်းသာမက တကမ္ဘာလုံးသို့တိုင် မွှေးပျံ့ ကြိုင်လှိုင်ခဲ့ပါသည်။ ထို့ကြောင့် မြန်မာပြည်သား ရဟန်းတပါး ဖြစ်သော စာရေးသူသည်လည်း သတင်းမွှေးသည့် အင်းလေးအကြောင်းကို ကြားသိလျက်သား ဖြစ်နေပါသည်။ သို့သော် တခါတခေါက်မျှ မရောက်စဘူးပါ။ သည်ဘခါ ရောက်ရတော့မည်မို့ ဝမ်းမြောက်ဝမ်းသာ ရှိလှပါသည်။

## အင်းလေးကို သွားလိုလျှင်

ထို အင်းလေးကန်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ရှမ်းပြည်တောင်ပိုင်း ညောင်ရွှေမြို့နယ်၌ တည်ရှိသည်။ မြန်မာပြည်မ မြေပြန့်မှ ထိုအင်းလေးဒေသကို သွားလိုလျှင် လေယာဉ် မီးရထား မော်တော်ကားတို့တွင် ကြိုက်ရာဖြင့် စီး၍သွားနိုင်သည်။

## လေယာဉ်ဖြင့် သွားလိုလျှင်

ရန်ကုန် မင်္ဂလာဒုံမှ ဟဲဟိုးသို့ လေယာဉ် စီးရသည်။ ဟဲဟိုးလေဆိပ်မှ ၂-မိုင်ခန့်ဝေးသော ဟဲဟိုးမြို့တွင်းသို့ လေယာဉ်ကားဖြင့် လိုက်ရသည်။ဟဲဟိုးမှ ၁၀-မိုင်ဝေးသော ရွှေညောင်သို့ ကားဖြင့် သွားရသည်။ ရွှေညောင်မှ ၇-မိုင်ဝေးသော ညောင်ရွှေသို့ ကားဖြင့်ပင် သွားရသည်။ ညောင်ရွှေဆိပ်ကမ်းမှ မော်တော်ဘုတ်ဖြင့် အင်းလေးသို့ သွားရသည်။

## မီးရထားဖြင့် သွားလိုလျှင်

ရန်ကုန် ရွှေညောင်မီးရထားကို စီး၍ သွားရသည်။ ရွှေညောင်ရောက်လျှင် ဖော်ပြပါ နည်းဖြင့် အင်းလေးကို ရောက်နိုင်သည်။

## မော်တော်ကားဖြင့် သွားလိုလျှင် လည်း

ရန်ကုန် တောင်ကြီး၊ မန္တလေး တောင်ကြီးကား မော်တော်ကားများကိုစီး၍ တောင်ကြီးမှ ညောင်ရွှေသို့ တဆင့် မော်တော်ကားဖြင့်သွားကာ ညောင်ရွှေမှ မော်တော်ဘုတ်ဖြင့် အင်းလေးကို ရောက်နိုင်သည်။ ကိုယ်ပိုင်ကား၊ အော်ဒါကားများဖြင့် သွားလျှင်လည်း သာစည်မှ ၉၂-မိုင်ဝေးသော ရွှေညောင်သို့ ထိုမှ ၇-မိုင်ဝေးသော ညောင်ရွှေသို့ သွားရသည်။ ညောင်ရွှေမှ မော်တော်ဘုတ်ဖြင့် အင်းလေးကို သွားနိုင်ပါသည်။

## စေ့စပ်စိစစ်သော ဆရာတော်

တောင်ကြီးမြို့ မင်းကွန်းကျောင်းတိုက် ရိပ်သာရောက်နေပြီးဖြစ်သော စာရေးသူတို့ မဟာစည် ဓမ္မကထိကအဖွဲ့သည်ကား မင်းကွန်းရိပ်သာဆရာတော် ဦးဓမ္မပါလ၏ လမ်းညွှန်ပို့ဆောင်မှုဖြင့် တောင်ကြီးမှ ၁၉-မိုင်ဝေးသော ညောင်ရွှေသို့ ခရီးသည်မော်တော်ကားဖြင့် လိုက်ခဲ့ကြလေသည်။ မင်းကွန်းရိပ်သာဆရာတော် ဦးဓမ္မပါလကား ညောင်ရွှေမြို့သား ဖြစ်သည်။ မဟာစည်သြဝါဒခံ တောင်ကြီးမြို့ မင်းကွန်းရိပ်သာ နာယကဆရာတော်ဖြစ်သည်။ ထို့ကြောင့် နယ်လှည့် မဟာစည်ဓမ္မကထိကအဖွဲ့အား အင်းလေး၌ တရားပွဲကျင်းပနိုင်ရန် လိုက်ပို့တော်မူသည်။ စေ့စပ်စိစစ်သော ဆရာတော်ဖြစ်ရာ တရားပွဲစရိတ်ကိုမူ လှိုင်ကော်ဆရာတော်တို့လို(ကပ္ပိယညွှန်း၍)မစိုက်ထုတ်၊ အဖွဲ့ ရံပုံငွေဖြင့် ကားစီးခဲ့ကြရ၏။

"မဟာစည်ဓမ္မကထိကအဖွဲ့မှာ လှူသူဒကာ မပေါ်လျှင် ကိုယ့်စရိတ်နှင့်ကိုယ် သုံးဖို့ရာ ရံပုံငွေ ရှိတယ်မို့လား၊ ပါရဲ့လား ကပ္ပိယ မောင်ကျောင်းသားရဲ့" ရိပ်သာမှ ထွက်ခါနီးတုန်းက ဆရာတော်ဦးဓမ္မပါလက မေးရာ "မှန်ပါ၊ ဘဏ္ဍာရေးမှူး ဦးညီပုက ပေးလိုက်တာလဲ ပါပါတယ်၊ ပြီးတော့ ကျင်းပခဲ့ပြီး ဌာနများက လှူလိုက်တာလဲ ပါ-ပါသေးတယ်" ဤသို့ပင် ကျောင်းသားမောင်ညွှန့်ရွှေက ပြန်လျှောက်ခဲ့သည်။

ဤ အစီအစဉ်မှာ ဟောသူရော နာသူပါ တရားပွဲကုန်ကျစရိတ်နှင့် ပတ်သက်၍ မငြိုငြင် မပင်ပန်းရအောင် အဖွဲ့က စီမံထားခြင်းဖြစ်သည်။ နယ်တရားပွဲမှ လှူလိုက်သမျှတို့ကို နှစ်ပတ်လည်ပွဲရောက်လျှင် အဖွဲ့၏

ဆုံးဖြတ်ချက်အတိုင်း ရံပုံငွေချန်၍ အဖွဲ့ဝင်ဓမ္မကထိကများအားလည်း ရသင့်သမျှ နဝကမ္မတို့ကို ပစ္စည်းလေးပါးအလို့ငှာ ကပ္ပိယည္ကန်း၍ အဖွဲ့၏ဘဏ္ဍာရေးမှူး ဒကာကြီး ဦးညီပုက ဆက်ကပ်ရလေသည်။ ဤ အစီအစဉ်ကို သိထားသောကြောင့် ဆရာတော်ဦးဓမ္မပါလက ဖော်ပြပါအတိုင်း ကပ္ပိယကျောင်းသားအား မေးမြန်း၍ ဤ ခရီးကို အဖွဲ့ရံပုံငွေဖြင့် စီမံတော်မူခဲ့ခြင်းဖြစ်သည်။

အချိန်မှာ နေ့ ၁၂-နာရီ၊ နေ့ကား ကဆုန်လဆုတ် ၁-ရက်နေ့၊ တောင်ကြီးမြို့မှ ထွက်သော် တောင်ဆင်းလမ်းကြီး ဖြစ်သည်။ လင်းမြွေတွန့်တောင်ဆင်းလမ်းလှလှနှင့် မြေလွှာသစ်ပင်များကလည်း သာယာ၏။

"ဟောဟိုဟာက ကျည်းဖြူကန်၊ ဒါက ရွှေညောင်နှင့် ဘူတာ၊ အောင်သပြေစစ်တပ်၊ ဟိုအဝေးက တောင်တန်းက ဟဲဟိုးတောင်တန်း၊ ဒီဖက်ကညို့ညို့က ညောင်ရွှေမြို့၊ ဟိုဖက်က ရေပြင်ဖွေးဖွေးနှင့် မှိုင်းပြပြတွေဟာ အင်းလေးကန်နှင့် ရေပေါ် ကျွန်းများဘဲ။"

ဤသို့လျှင် ဆရာတော်ဦးဓမ္မပါလက တောင်ကြီးမြို့အထွက် တောင်ကမ်းပါးယံလမ်းပေါ်၌ မောင်းနှင်လျက်ရှိသော ကားပေါ်မှ မြင်ရသမျှတို့ကို ပြောပြတော်မူ၏။

ဆင်းခဲ့ရာ တောင်ကြီးကို သမင်လည်ပြန် မော့ကြည့်ရာ ကြည်နူးဖွယ်ကောင်း၏။ စိမ်းညို့နေသော တောင်ထိပ်အလယ်လောက်မှစ၍ ဘော်ချည်မျှင်များ ဖားရယား တွန့်ရရွန့် ကျလာသလို စီးဆင်းလာသော ရေတံခွန်ကိုလည်း မြင်ရ၏။ တောင်ကြီးမြို့ပေါ်က သုံးပြီး ရေဟောင်းများ ကျဆင်းနေသည်ဟုသိရသည်။ ထိုရေများသည် ကားလမ်းနှင့်ဆုံလျှင် တံတားအောက်မှ သွားကြ၏။ နောက်ဆုံး ကျည်းဖြူကန်သို့ ဝင်ကြသည် ဟူ၏။

## လမ်းဆုံး ရွှေညောင်

အောင်သပြေစစ်တပ်နှင့် စျေးငယ်များ အခြားစစ်တပ်များကို လွန်လျှင် ရှမ်း တပြည်လုံးအတွက် ဖြန့်ဖြူးရန်သိုလှောင်သော ပစ္စည်းဂိုထောင်ကြီးများ၊ ရှမ်းပြည်လမ်းဆုံး မီးရထားဘူတာရှိသော ရွှေညောင်ကို ရောက်သည်။ တောင်ကြီးနှင့် ရွှေညောင်ကား ၁၂-မိုင်ဝေးသည်။ ရွှေညောင်မှ ရပ်စောက်သို့လည်း လမ်းခွဲ ရှိသည်။ ဟဲဟိုးသို့လည်း လမ်းခွဲ ရှိသည်။ ညောင်ရွှေသို့လည်း လမ်းခွဲရှိသည်။

စာရေးသူတို့ ကားသည် ညောင်ရွှေဖက်သွားလမ်းအတိုင်း မောင်းခဲ့သည်။ ထိုလမ်းဆုံကွေ့၌ ရွှေညောင်ငါးရက် တ စျေးကိုလည်း တွေ့ရသည်။ လမ်းဘေးဝဲယာ၌ မြလွှာရုံသစ်ပင် ကြီး ငယ်များ၊ စမ်းရေမြောင်းငယ်များနှင့် အဝေးဆီ၌ တောင်တံတိုင်းနှစ်ဖက်တို့ကလည်း တဖြေးဖြေး ရပ်တည် ကာရံလာကြသည်။ ဉာဏစာဂီကမ္မဋ္ဌာန်းဌာနခွဲရှိသော စခန်းကြီးရွာ၊ အညာသားတို့ အုတ်ဖုတ်ရောင်းယင်း နေကြသော နန်းသီတာရွာတို့ကိုလည်း တွေ့ရသည်။

## ပေါရိသနှင့် ရွှေရန်ပြေဘုရား

ထို့နောက် ပေါရိသဘုရား-ဆိုသည်ကိုလဲ လမ်းဘေး၌ ဖူးမြင်ခဲ့ရသည်။ ဘုရားအနီး၌ ဘုန်းတော်ကြီးကျောင်း တကျောင်းကိုလည်း မြင်ခဲ့ရသည်။

ထို့နောက် ရွှေရန်ပြေရွာဘုရားနှင့် ဘုန်းကြီးကျောင်းကြီးကိုလည်း ဖူးမြင်ရသည်။ ဤဘုရားသမိုင်းကိုမူ တိုင်းရင်းမေ စာစောင်၌ပါသော ညောင်ရွှေခင်မောင်မြ၏ ဆောင်းပါး၌ ဤသို့ဖော်ပြထားသည်။

"ရှေးအခါက ရွှေရန်ပြေရွာဟု တည်ထားခြင်းမရှိသေးဘဲ ကုန်းမြေပြင်ကြီးသာ ရှိခဲ့သည်။ ထိုနောက် သူပုန်များ ဆိုးသွမ်းဆူပူမှုကြောင့် ညောင်ရွှေမြို့ကို အုပ်ချုပ်ခဲ့သော စော်ဘွားကြီး စပ်စောအုံ ကိုယ်တိုင်ကြီးကြပ်ကွပ်ကဲ၍ တိုက်ခိုက်နှိမ်နင်းရာ အလွယ်တကူ အောင်မြင်ခဲ့သည်။ ထိုစစ်ပွဲအောင်နိုင်ခဲ့သောနေရာ၌ ရွှေရန်ပြေရွာနှင့် ရွှေရန်ပြေဘုရားကို တည်ထားကိုးကွယ်ခဲ့သည်။ မှတ်တမ်းအရ သက္ကရာဇ် ၁၂၅၀-ခုနှစ် ပထမဝါဆိုလဆန်း ၅-ရက်နေ့၌ ရွှေရန်ပြေဘုရား အုတ်မြစ်ချခဲ့သည်။ထိုဘုရား၏တောင်ဘက်၌ အနုပညာ ရှေးဟောင်းပစ္စည်း အမြောက်အများရှိသော ရွှေရန်ပြေ ဘုန်းတော်ကြီးကျောင်း ရှိသည်။ ယခုအခါ အိုမင်း ယိုယွင်းနေပါပြီ။ ထိုကျောင်း၌ ပန်းချီ ပန်းပုလက်ရာများစွာ ရှိ၏။ ထိုကျောင်း တည်ရှိခဲ့သည်မှာ ၇၅-နှစ် လွန်ခဲ့ပြီ"ဟူ၏။

လမ်းဘေးဝဲယာ၌ ဘော်ငွေရောင် ရေပြင် ကွက်ကြားနှင့် မြစိမ်းရောင် ယာပြင်များကိုလဲ မြင်ရ၏။ လက်ပန် မန်ကျည်း ညောင်ပင်ကြီးများကိုလည်း မြင်ရ၏။ တောင်ကြီးမြို့ပေါ်၌ အေးခဲ့သမျှ ယခုအခါ ပူနွေးလာ၏။ ပူနွေးပုံနှင့် သစ်ပင်ကြီးများကား အညာမြေပြန့်နှင့် ဆင်သည်။

## ညောင်ရွှေမြို့ အင်းလေးဆိပ်ကမ်း

၁၂-နာရီ ၄၅-မိနစ်၌ မြို့တော် ညောင်ရွှေကို ရောက်၏။ မြို့အဝင်ဝဲဘက်၌ ရေကန်သာနှင့် မြို့စောင့်ဂိတ်စခန်းရှိသည်။ ယာဘက်၌ ဓာတ်ဆီဆိုင်ရှိသည်။ ဂိတ်လွန်လျှင် ညောင်ရွှေ၏ ငါးရက်တစျေးနှင့် အပြင်ဘက် ဈေးဆိုင်တန်းကြီးတွေကို တွေ့ရသည်။စီးခဲ့သော မော်တော်ကားသည် ဈေး၏လက်ျာဘက်သို့ ချိုးကွေ့ခဲ့သည်။ တိုက်တာ အိမ်ခြေများအကြားရှိ လှေဆိပ်ကို ရောက်လျှင် ကားပေါ်မှ ဆင်းကြလေသည်။

အဝင်အထွက် ရှုပ်ရှက်ခတ်နေသော ပွဲချိတ် မော်တော်လှေများနှင့် ခရီးသည်များကို တွေ့ရသည်။ ခေါင်းပေါင်းသူကပေါင်း ဝါးခမောက်ဆောင်းသူကဆောင်း၍ အင်္ကျီလက်ရှည်နှင့် ဘောင်းဘီရှည် ဖားဖားကြီးများကို ဝတ်ဆင်ထားသော အင်းသားများ မြန်မာလိုပင် ဝတ်ဆင်ထားသော အင်းသူများသည် ညောင်ရွှေက ဝယ်ခဲ့သောပစ္စည်းများကို ခေါင်းကြီးတောင်းငယ်ဖြင့် မော်တော် ပွဲချိတ်များပေါ်သို့ တင်နေကြ၏။

"ဘယ်ကြွမှာလဲဘုရား၊ ဖေါင်တော်ဦး ဘုရားကိုလား"ဟုလည်း ကြိုဆို မေးမြန်းကြသည်။ "စက်ကောင်းတဲ့ လှေနဲ့မှ လိုက်ချင်တယ်၊ ရွာမကျောင်းနီကျောင်းကို သွားမယ်"ဟု ဆရာတော်ဦးဓမ္မပါလ-က မိန့်လိုက်သည်။ မျက်နှာသိ ဆရာတော် ဖြစ်နေ၍ အကျိုးအကြောင်း မေးမြန်းသူတို့ကလည်း မေးမြန်းကြသည်။ နှုတ်ဆက်ရှိခိုးသူတို့ကလည်း နှုတ်ဆက်ကြသည်။ ထို့နောက် စာရေးသူတို့သည် ဆရာတော်ဦးဓမ္မပါလ ရွေးချယ်ညွှန်ကြားသော ပွဲချိတ်မော်တော်တစင်းပေါ်သို့ ရောက်ကြလေသည်။ တစင်းလျှင် လူ ၃၀-ကျော်ခန့်နိုင်သော အမိုးမပါသည့် ပွဲချိတ်စက်လှေများပေတည်း။

## ကိုယ်တွေ့မျက်မြင်-အင်းလေးတခွင်

နေ့ ၁-နာရီ၌ မဟာစည်ဓမ္မကထိကအဖွဲ့ လိုက်ပါခဲ့သော ပွဲချိတ်မော်တော်ဘုတ်သည် ညောင်ရွှေဆိပ်ကမ်းမှ ထွက်ခဲ့၏။ ထွက်ခဲ့ဆိုသော်လည်း စက်မနှိုးသေးပဲ တက်ထိုး တက်ထောက်၍သာ ထွက်ရသေးသည်။ အကြောင်းမှာ မြို့တွင်း ရေမြောင်းကလဲ ကျဉ်း၍ မော်တော်ဘုတ် အဝင်အထွက်များကလဲ ရှုပ်ရှက်ခတ်နေသောကြောင့်ပင်။ ထို့ကြောင့် တွန်းယင်း ကန်ယင်း လှော်ယင်းဖြင့် ညောင်ရွှေမြို့ကို အလွန်၌ အင်းဝအစကိုရောက်လျှင် စက်နှိုး၍ ထွက်ခဲ့လေသည်။အင်းဝဆိုသော်လည်း ရေပြင်ကျဉ်း အင်းဝမဟုတ်သေးပဲ ကိုင်းမြက် ဗေဒါ ဒိုက်သရောတို့ ထူပြောသည့် အင်းစပ်အဝသာ ရှိသေးသည်။

တောင်နှစ်သွယ် အလယ်ကြားက အင်းရေပြင်ကိုမှုန်းမျှော်ကြည့်လျှင် မြင်ရပါပြီ။ မော်တော်ဘုတ်သည် ကိုင်းမြက် ဗေဒါ ဒိုက်သရောများကို ဖယ်ယင်း ရှင်းယင်း မောင်းနှင်နေရလည်။ ရှင်းလျှင် မြန်၍ ရှုပ်လျှင် နှေးသည်။ ထို့ကြောင့် နှေးလိုက် မြန်လိုက် ရပ်လိုက်ဖြင့် စိတ်ရှည်စွာ မောင်းနှင်နေရ၏။ စာရေးသူတို့မှာ အင်းရေပြင်ကို မရောက်နိုင်သေးပဲ ဆတ်တငန့်ငန့် ဖြစ်နေကြရသည်။

မဟာစည်ဓမ္မကထိကအဖွဲ့ကို ကြိုဆိုလေသလော မပြောတတ်ပါ၊ ကိုရွှေမိုးက ရွာသွန်းလာပြန်သည်။ ကိုင်းတောကြားရှိ ဇရပ်အိုတဆောင်၌ မိုးခိုသော လှေများက ခိုနေကြသည်။ စာရေးသူတို့ မော်တော်ဘုတ်ကတော့ မိုးလည်း မခိုဘဲ မိုးထဲ၌ပင် ထွက်ခဲ့၏။ ပြေးနေသော အရှိန်ဖြင့် လေတိုက်နေသောကြောင့် ထီးမိုး၍လည်း မလုံပါ။ မော်တော်ပိုင်ရှင်ကပေးသော ပလပ်စတစ်မိုးကာကို ခြုံမှ လုံလေသည်၊ နာရီဝက်ခန့် ခုတ်မောင်းမိလျှင် ရှင်းလင်းသော ရေပြင်ဝကို ရောက်ပါပြီ။

မော်တော်ဘုတ်သည် စက်ကုန်ဖွင့်ပျက် ပြေးလေ၏။ စောစောက ပူအိုက်ခဲ့သူတို့လည်း ယခု အေးကြရပါပြီ။ ရုပ်ရှင်နှင့် ပန်းချီကား ဓာတ်ပုံများ၌သာ တွေ့ခဲ့ရသော ပြောစကားကိုသာ ကြားခဲ့ရသော စာအုပ်၌သာ ဖတ်ခဲ့ရသော သတင်းမွှမ်းသည့် အင်းလေးကို ယခုအခါ တွေ့ရောက်နေရပါပြီ။

ခဏကြာသော် မိုးလည်း စဲသွား၏။ နေလည်း ထွက်လာ၏။ ကောင်းကင်လည်း ကြည်လင်လာ၏။ ပြာလွင်လွင် တောင်တံတိုင်းနှစ်ဖက်စီ၌ ဖွေးလက်တောက်ကြွားတော်မူနေကြသော ထုံးဖြူစေတီဘုရားများကိုပင် ဖူးမြင်ကြည်ညိုကြရလေပြီ။

"ဦးကုလ္လကရေ၊ ဟောဒီ လက်ဝဲ အရှေ့ဘက်ဆီကို ကြည့်စမ်းပါ။မိုင်းသောက်တောင်နှင့် တောရကျောင်းဘုရားဆိုတာ အဲဒါပဲ၊ ဒီဘက်က မြင်နေရတဲ့ ရွာက မိုင်းသောက်ရွာပဲ။ ဒီမြောက်ယွန်းယွန်းဖက်က ခေါင်းတိုင်ကြီးတွေနဲ့ဟာက မိုင်းသောက်သကြားစက်၊ ဒီရေစပ်မှာက မိုင်းသောက်အင်းနဲ့ ရွာခေါ်တယ်။" ဤသို့လျှင် ဆရာတော် ဦးဓမ္မပါလ-က လက်ညှိုးညွှန်ယင်း ရှင်းပြတော်မူ၏။

"ဟောဒီလက်ျာအနောက်ဘက်ဆီက ညို့မှိုင်းမှိုင်း ရွာနှင့် တောစပ် တောင်ကမူအမြင့်က အဆောက်အဦများက အင်းလေးခေါင်တိုင်ရွာနှင့်လူရည်ချွန်စခန်းပဲ၊ တောင်ထိပ်က ဘုရားကတော့ ရွှေမြင်တင်ဘုရားစေတီခေါ်တယ်" ဤသို့လည်း ညွှန်ပြတော်မူ၏။

အရှေ့ဘက်နှင့် အနောက်ဘက်က တောင်ပြာတန်းတံတိုင်းကြီးတို့ကလည်း အင်းလေးဒေသ တခုလုံးကို ငုံ့ကြည့်နေသလို ကာဆီးရပ်တည်နေ၏။ ထိုတောင်နှစ်သွယ်နှင့် အင်းရေပြင်ကျယ်များသည် ကောက်ကွေ့သွားသောကြောင့်ပေလား မသိပါ၊ ဟိုအဝေးတောင်ရပ်မြောက်ခွင်ဆီ၌လည်း တောင်ပြာ မှိုင်းမှိုင်းတို့သည် ကာဆီးလျက်ပင် မြင်နေရပြန်ပါသည်။

မော်တော်ဘုတ်သည် လေတဖြူးဖြူးကြောင့် အနည်းငယ် လူးလာ၏။ မြေပြန့်မြို့ရွာတို့၌ လျှပ်စစ်မီးတိုင်များ စိုက်ထူထားသလို အင်းရေပြင်တနေရာ၌ ဝါးတိုင်များ စိုက်ထူထားသည်ကိုလည်း မြင်ရ၏။

"အဲဒါ ဘာတိုင်တွေလဲဘုရား" မောင်ညွှန့်ရွှေက သူသိလိုသည်ကို မေးလျှောက်၏။မောင်ညွှန့်ရွှေအမေးကြောင့် စာရေးသူလည်း ကြည့်လိုက်ရာ မြင်နေရ၏။ ရေမျက်နှာပြင် ဝါးတိုင်ရင်း၌လည်း မြလွှာ မှိုင်းမှိုင်း မြက်စို့ အုပ်အုပ်သိုက်သိုက်များပင် အင်းရေပြင်ဝယ် လူးလွန့်နေကြ၏။

"အဲဒါ လှေမှောက်ယင် လူခိုကပ်နိုင်အောင် စိုက်ထားတဲ့ ဝါးတိုင်တွေပဲ၊" ဤသို့ ဆရာတော်ဦးဓမ္မပါလ-က ဖြေကြားတော်မူ၏။

"ပြီးတော့ အဲဒီ ကျွန်းမျောတိုင်ရင်း မြက်ခြုံမှာ ခိုကပ်တဲ့ ငါးကိုလဲ ဖမ်းယူရတယ်လေ" ဤကား အတူ စီးလာသော အင်းသားခရီးသည်တယောက်က ဖြည့်စွက် ပြောကြားသော စကားဖြစ်၏။

"ဟို ရေလယ်မှာ တိုက်ကြီးလိုလို ဘာလိုလိုနဲ့ တခုတည်း ထီးထီးမားမား အဆောက်အဦကြီးက ဘာလဲဘုရား" ဤသို့ ဦးဝိစိတ္တက မေးလျှောက်ပြန်၏။

"အဲဒါဟာ ဗိုလ်တဲလေ"ဟု ဆရာတော် ဦးဓမ္မပါလ-က ဖြေပြန်၏။ ဆရာတော်ကား သိလိုသမျှကို မမောတန်း မပန်းတန်း ဖြေကြားနေရလေသည်။

တောင်ခြေ ရေစပ်နှင့် ရေလယ်တခွင်၌ စိမ်းညို့ညို့ရေပေါ်ကျွန်းတို့ကလည်း ဟိုတစု သည်တဝေး မြေးရှက်တည်နေကြ၏။ စက်မပါ၍ ခြေနှင့် လက်ကိုသာ အားကိုးလှော်ခတ်ယင်း ဟိုသည်ကူးလျက် မြူးနေကြသော အင်းသားလှေတို့ကိုလည်း ကိုယ်တွေ့မြင်နေရ၏။တချို့လှေများကား ရွက်တိုက်လျက် လွင့်ပြေးနေကြ၏။

"ဒီဟာသာရုပ်ကြီးနှင့် တိုင်ကတော့ ဘာလို့ စိုက်ထားတာလဲဘုရား"ဟု စာရေးသူက မေးပြန်၏။

"အဲဒါ တခါတုန်းက ဖောင်တော်ဦးဘုရား ပင့်လာတဲ့ ဖောင်ကြီး နစ်မြုပ်ဘူးတဲ့နေရာမို့ မှတ်သားစိုက်ထူထားတဲ့တိုင်ပဲ" ဤသို့ ဆရာတော် ဦးဓမ္မပါလက ဖြေ၏။ တောင်ပြာတံတိုင်း ပတ်လည် ဝိုင်းလျက် မိုးကုတ်စက်ဝိုင်းပြာကလည်း အုပ်မိုးထားသော စိမ်းညို့ညို့ အင်းလေးရေပေါ်ကျွန်း ကသိုဏ်းဝန်းသည် ရှုလိုက်တိုင်း သာယာလှ၏။

"အဲဟို-အရှေ့ဘက်ဆီက သလဲဦးအင်းရွာ၊ ဟိုတောင်ဆီက ရွာနှင့်ကျောင်းတွေက အလယ်မျောင်းရွာတို့ ခွဲခြမ်း ကျောင်းနှင့်ရွာတို့ပဲ။ ဟို ခပ်မြင့်မြင့်၊ တောင်ကြီးက ထင်းရှူးတောင်တဲ့။ ဒီဘက် တောင်ခြေစောင်းမှာ ကျောင်းနီကျောင်း ဂိုဏ်းချုပ်ဆရာတော်ဘုရားကြီးရဲ့ ထင်းခြံနှင့် ဓမ္မပီတိကာရာမတောရကျောင်း၊ ဒီရေစပ်တလျှောက်မှာ အင်ကြင်းကုန်းရွာ၊ ကန်ပွဲရွာ၊ ဝက်သားကင်ရွာများ ရှိတယ်"ဤသို့လည်း ပြောပြ၏။

စာရေးသူတို့ မော်တော်ဘုတ်သည် ပြောယင်းဆိုယင်းဖြင့် ငါးဖယ်ချောင်းရွာတွင်းသို့ ဝင်ရောက်သာ၏။ အိမ်ကြို အိမ်ကြားရှိ ရေလမ်းအတိုင်း ဝင်

ခဲ့ပြီး ဆင်းမည့်ခရီးသည်တယောက်အား သူ၏ အိမ်လှေကားရင်းထိ မော်တော်ကို ထိုးဆိုက် ပေး၏။ အိမ်ခံလူများသည်လည်း ပါလာသော ပစ္စည်းများကို ကြိုလင့်ယူကြ၏။ ခရီးသည်တယောက်လည်း ဆင်းခဲ့၏။ ''အင်း- အိမ်တိုင်ယာရောက်ဆိုစကားကို သူတို့ သရုပ်ဖော်နေကြတကားဟု'' မှတ်ချက်ချမိ၏။

ရွာပင် ငယ်သော်လည်း ဘုန်းတော်ကြီးကျောင်းကား ထည်ဝါခန့်ငြားလှ၏။ ထရံကာ သက်ငယ်မိုးအိမ်များရှိသလို ပျဉ်ထောင်ကာ သွပ်မိုးအိမ်များလဲ ရှိ၏။ ရေဒီယို ကက်ဆက်သံကိုလည်း ကြားရ၏။ အိမ်ရိပ် ရွာရိပ်များ ထင်နေသော အင်းရေပြင်မှာ ပို၍ လှပနေ၏။ လှေကားရင်း၌ ခြေဆင်း၍ ထိုင်ယင်း ပန်းကန်ဆေးသူကိုလည်း မြင်ရ၏။ အိမ်နောက်ဖေး ရေအိမ်သာမှ ထွက်လာသူလည်း ရှိ၏။ အင်းရေပြင်သည် ပန်းကန်ဆေးရေကိုလည်း ယူသွား၏။ မိလ္လာသိမ်းလုပ်ငန်းကိုလဲ လုပ်သွား၏။

''အဲဒီ ရေပေါ်ကျွန်းအိမ်တွေ ရွာတွေကို တည်ဆောက်ပုံကတော့ ဦးစွာ ဗေဒါကိုင်းမြက်နှင့် ဒိုက်သရောတွေကို ဝါးလုံးနဲ့ ဖမ်းစိုက် စုစည်းတယ်။ ပြီးတော့ ရေညှိမှော်နွယ်မြက်တွေကိုလဲ ဖမ်းယူ ရစ်နှောင်တယ်။ သဲမြေများကိုလည်း ယူဆောင်တင်ပေးတယ်။ ဒီလိုနဲ့ ရက်လများစွာ စုစည်းလို့ ခိုင်မာလာတော့ အဲဒီပေါ်မှာ အိမ်ဆောက် ရွာတည်တယ်။ တချို့ကတော့ အတောင်နှစ်ဆယ် သုံးဆယ်ရှိ တိုင်များဖြင့် ရေအောက်မြေပြင်ထိ တိုင်စိုက်ပြီး အိမ်ဆောက်ကြတယ်။'' ဤသို့လည်း ဆရာတော် ဦးဓမ္မပါလ-က မိန့်တော်မူ၏။

စာရေးသူတို့ မော်တော်ဘုတ်သည် ငါးဖယ်ချောင်းရွာမှ ထွက်ခဲ့၏။ မော်တော်အောက် ရေပြင်သည် စိမ်းညို့ရောင်တောက်နေ၏။ တခါတခါ မည်းနက်လာ၏။ အဝေးဆီ၌မူ တောင်ပြာ မိုးပြာရိပ်ဖြင့် ပြာလွှင်နေ၏။

'' အဲဟိုရွာက ကေလာရွာတဲ့၊ ရေပေါ်ကျွန်း ခရမ်းချဉ်များစွာ ထွက်တဲ့ရွာပဲ။ အဲဒီ ကေလာရွာနဲ့ တဆက်တည်းရွာကတော့ အင်းခြံရွာခေါ်တယ်၊ အဲဒီရွာမှာ တပည့်တော် စာချခဲ့ဘူးတယ်။'' ဤသို့လည်း မိန့်တော်မူ၏။ ရွာဆို၍ ကြည့်လိုက်တိုင်း ရွာပေါ်၌ မိုးနေသော အဆောက်အဦကြီးများမှာ မမေးပဲနှင့် ကျောင်းဟု သိနိုင်သည်။ စုလစ်မွန်းချွန် အထွတ်တင်လျက် ဒရင်များဖြင့် ရှေးမူမပျက် တည်ဆောက်ထားသောကြောင့်လည်း ဘုန်းတော်ကြီးကျောင်းဟု မပြောပဲနှင့် သိနိုင်ခြင်းဖြစ်သည်။

''ဟိုရှေ့တည့်တည့်ဆီက ဘုရားစေတီနှင့် ကျောင်းဆောင် ပြာသာဒ်တော်များဟာ နန်းပန်ဘုရားပေါက်နှင့် ဖောင်တော်ဦးဘုရားကျောင်းတော်ပဲ။ ဟိုရောက်ယင် ဂိုဏ်းချုပ်ဆရာတော်က အရှင်ဘုရားတို့ကို သူ့မော်တော်ဘုတ်နှင့် ပို့ပေးမှာပါ။'' ဤသို့ပင်ဆရာတော် ဦးဓမ္မပါလ-က မဂ္ဂုဒ္ဒေသက ပီသစွာ မိန့်တော်မူပါသည်။ ညောင်ရွှေဇာတိသားလည်း ဖြစ်၍ အင်းတခွင်၌လည်း ကျက်စားခဲ့သူဖြစ်ရာ ခရီးရော ဒေသအကြောင်းပါ သိကျွမ်း နားလည်တော်မူလှ၏။

''ဟော-ဟဲယာရွာမကို ရောက်ပြီ''ဟူသော ဆရာတော် ဦးဓမ္မပါလ၏စကားနှင့်အတူ မော်တော်ဘုတ်သည် ရေပေါ်ကျွန်းရွာကြီးတွင်းသို့ ဝင်ရောက်လာ၏၊ ကြီးသည်ထက် ကြီးသော ကျောင်းကြီးများ၊ ဘုရားစေတီများ၊ ဆေးပေးခန်းနှင့် အထက်တန်း ကျောင်းများ၊ ယက္ကန်းလက်ခတ်သံတညံညံ၊ ရွှေပန်းထိမ် ငွေပန်းထိမ်ဖိုများဆီက ရွှေပြား ငွေပြားခတ်သံတို့ဖြင့် သာယာစည်ကားသော ရွာကြီးပေတည်း။

စာရေးသူတို့ မော်တော်ဘုတ်သည် အချို့သော ပေါင်းကူးတံတားအောက်ကိုလည်း ဝင်ခဲ့သည်။ နီလာဟူသည့် တံတားအနီးရောက်သော် တောင်ဘက်ကို ချိုးကွေ့၍ ဘုရားအိုနှင့် ကျောင်းတော်ကြီးခြေတော်ရင်းသို့ ဆိုက်ကပ်လိုက်လေသည်။ ထိုကျောင်းကား ဂိုဏ်းချုပ် ဆရာတော် ဘုရားကြီး သီတင်းသုံးရာ ကျောင်းနီကျောင်းပင်တည်း။ စာရေးသူတို့သည် နေ့ ၁-နာရီ၌ ညောင်ရွှေဆိပ်ကမ်းမှ ထွက်ခဲ့ကြ၍ နေ့ ၂-နာရီ ၃၀-မိနစ်၌ ကျောင်းနီကျောင်းသို့ ဆိုက်ရောက်ကြပါသတည်း။

## ဟဲယာရွာမ-ကျောင်းနီကျောင်းကြီး

ကျောင်းကြီးမှာ အလျားပေ တရာကျော်ခန့်ရှိ၍ အနံပေ ၈၀-ခန့်ရှိမည်။ လှေကား ၂-စင်းတပ်ထားသော မြောက်ဘက်မှ တက်ခဲ့ကြ၏။ ကျောင်းတိုင်ကြီးများမှာ ဟင်းသပြဒါးနီရောင်နှင့် ရွှေရောင်များဖြင့် ထည်ဝါလှကုန်၏။ တိုင်ပေါင်း ၂၀၀-နီးပါးရှိကုန်၏။

ညှော့ခန်းဆောင်ထက် ဘုရားဆောင်နှင့် သံဃာတော်တို့က တပေခန့်ဆီ မြင့်တက်နေ၏။

စာရေးသူတို့သည် ဘုရားစင်ရှေ့သို့သွား၍ ဘုရားကို ရှိခိုးကြ၏။ တင်ပလ္လင်ခွေနှင့် ရုပ်တော်မူ ရုပ်ပွားတော်များမှာ ရွှေသား ရွှေရောင်တပြောင်ပြောင်ဖြင့် သပ္ပါယ်ထူးထွေ စံနေတော်မူ၏။

မျက်နှာချက်နှင့် နောက်ခံတကဲတို့ကလည်း ပန်းတောင် ပန်းတက် ရုပ်ကြွများဖြင့် တန်းဆာဆင်ထားကုန်၏။ မနုဿီဟ ရုပ်ပုံလည်း ပါ၏။ ယိုးဒယားပန်းခက်လည်း ရှိ၏။ အင်းသား အင်းသူတို့၏ အနုပညာ လက်ရာများ ဖြစ်ကုန်၏။

ဆရာတော် တခြားကျောင်းကြွနေသေး၍ မတွေ့ရသေးပါ။ ကျောင်းကြီးပေါ်၌ လှည့်လည်ကြည့်ရှုယင်း စောင့်နေကြ၏။ အာဂန္တုများ အိပ်ခန်းဆောင်၊ ကျောင်းနေသံဃာများ အိပ်ခန်းဆောင်၊စားဖိုဆောင်၊ ဆွမ်းစားဆောင်များဖြင့် ခမ်းနားသော ရှေးကျောင်းကြီး ဖြစ်၏။ နောက်ဖေးဖက်၌ စင်္ကြံနှင့်ဆက်သွယ်နေသော ကုဋီဆောင်များကလည်း အခန်းသုံးလေးဆယ်ခန့်ရှိ၏။ ဖောင်တော်ဦးဘုရားပင့်ဆောင်သည့် လှေတော်ကြီးများကိုလည်း သီးခြားအဆောင်အောက်၌ တွေ့မြင်ရ၏။ ကျောင်းမျက်နှာသာ၌ မီးစက်ရုံလည်း ရှိ၏။

ကျောင်းတွင်းတိုင်များ၌ ချိတ်ဆွဲထားသော ဓာတ်ပုံများမှာ မျိုးစုံလှကုန်၏။ ဖောင်တော်ဦးဘုရား လှည့်စဉ် ရိုက်ထားသော ပုံများ၊ စာပြန်ပွဲ အခမ်းအနားရှိ ရိုက်ကူးထားသော ပုံများ၊ အလှူပွဲ အခမ်းအနား၌ ရိုက်ကူးထားသော ပုံများကိုလည်း တွေ့ရ၏။ ထိုပုံများတွင် မကိုဋ်စလွယ်ဝတ်ဆင်ထားသည့် ရှင်လောင်းပုံ၊ နတ်ဝတ်တန်းဆာ၊ မင်းသားဝတ် မင်းသမီးဝတ်တန်းဆာ၊ ရိုးရာဝတ်သုံး တန်းဆာများဖြင့် ရိုက်ကူးထားရာ စိတ်ဝင်စားဖွယ် ကောင်း၏။ စော်ဘွားကြီး စစ်ရွှေသိုက်၏ စာပြန်ပွဲ အခမ်းအနား ပါဝင်လှုပ်ရှားနေပုံမှာ အသက်ဝင်လှ၏။

ပုဂံဘုရားဓာတ်ပုံများနှင့် လောပိတဓာတ်အားပေးရုံနှင့် စပ်သော ဓာတ်ပုံများကိုလည်း တွေ့ရ၏။ ဓာတ်ပုံနှင့်တွဲလျက် အညွှန်းစာပန်းများကိုလည်း ဖတ်ရ၏။ အထူးအားဖြင့် ကျောင်းနီကျောင်းဆရာတော် ဘုရားကြီး၏ ရုပ်တုတော်မှာ အသက်ဝင်လျက် ကြည်ညိုဖွယ်ရာကောင်းလှ၏။ ဆရာတော်ခရီးထွက်နေခိုက် ကျောင်းရောက်သူတိုင်း ဤကိုယ်စားတော်ပုံကို ဝပ်တွားပူဇော်ကြကြောင်းလည်း သိရ၏။

ကျောင်းနီကျောင်းနှင့်ဆက်လျက် အရှေ့ဘက်နှင့် အနောက်ဘက်၌လည်း ကျောင်းကြီး နှစ်ကျောင်း ရှိသေး၏။ စင်္ကြံဖြင့် ပေါင်းကူးဆက်သွယ်ထား၏။ထိုကျောင်းများသည် ဘုန်းကြီးတပါးစီ ကျောင်းထိုင်သော ကျောင်းများတည်း။

ခဏကြာ၍ ဆရာတော် ဘုရားကြီး ရောက်လာသော် ဝပ်တွားရှိခိုးလျက် ဝမ်းမြောက်ဖွယ် စကား၊ အဆက်အစပ်စကားတို့ကို လျှောက်ထား ပြောဆိုကြ၏။ အထူးအားဖြင့် တရားပွဲအရေးကို ဆွေးနွေး ပြောဆိုကြ၏။

ဆရာတော် ဦးဓမ္မပါလ-ကလည်း တောင်ကြီးမြို့ မိမိရိပ်သာတုန်းက အရှိန်အဝါကြီးမားသော ဆရာတော်တပါး ဖြစ်သော်လည်း ဤ ဆရာတော်ဘုရားကြီး၏ ရှေ့မှောက်၌မူ ပြားပြားဝပ်လျက် ကိုရင်ငယ် ပမာ ဖြစ်ခနေလေ၏။

ဆရာတော်ဘုရားကြီးမှာ အသားဖြူ၏။ မျက်နှာတော် ဝိုင်း၏။ သက်တော် ၇၀-ကျော်သော်လည်း အသားအရေ ဝဖြိုးစိုပြေ ရှိသေး၏။ စကားပြောလျှင် တည့်ငြိမ်ခန့်ငြား၍ ပြတ်သား၏။ နက်ဖြန်ခါမှ စ၍ တရားပွဲကျင်းပမည်ဖြစ်ကြောင်းနှင့် အရှေ့ဘက်ကမ်း တောရကျောင်း၌လည်း တရားပွဲ ကျင်းပမည် ဖြစ်ကြောင်း မိန့်တော်မူသည်။ အင်းထဲက ပြီးသော် တောင်ကြီးမြို့ပေါ်၌ တရားပွဲ ကျင်းပရန်ကိုလည်း တဆက်တည်း ဦးဓမ္မပါလအား အမိန့်ပေးလိုက်၏။ စာရေးသူတို့သည် ထိုကျောင်း ဆရာတော် ဘုရားကြီး၏ ခြေတော်ရင်း၌ တည်းခိုကြရပါသတည်း။ ကျောင်း၌ ဆရာတော်ဘုရားကြီးအပြင် လက်ထောက် ဦးကုမာရနှင့် ခန်းနေ ဦးမာဃတို့လည်း ရှိကြသေး၏။ ကျောင်းသား ၆-ယောက်ခန့်ရှိ၏။

### ရှင်အောင်ပွဲ အနုမောဒနာတရား

၂၆-၅-၇၅။ ကဆုန်လဆုတ် ၂-ရက် တနင်းလာနေ့။ ။ယနေ့ ဆရာတော် ဦးဓမ္မပါလ ပြန်ကြွ၏။ နံနက်အရုဏ်ဆွမ်းကို ကျောင်းနီကျောင်း၏ အနောက်

ဘက် ကပ်လျက်ရှိသော နောက်ရွှေကျောင်းကြီး၌ ဘုဉ်းပေးကြရ၏။ ဆေးခါးဟင်းချို၊ ဝက်သားဟင်း၊ ငါးဟင်း၊ ငါးခြောက်ကျော်၊ ပုဇွန်ခြောက်ကျော်၊ ငါးကျော်၊ ငြုတ်သီးထောင်း၊ ခရမ်းသီး-ရုံးပတီသီး ချဉ်ရေများဖြင့် ဘုဉ်းပေးရ၏။ ဆေးခါးနှင့်ချက်သော ပဲလုံးဟင်းချိုနှင့် ငါးကြော်နှင့်ထောင်းသော ငြုတ်သီးထောင်းမှာ ဤအင်းလေးဒေသသုံး ဟင်းများ ဖြစ်ကြ၏။ ဆေးခါးမှာ ငှက်ဖျား ရောဂါကိုလည်း ကာကွယ်၍ ယားနာ ဝဲနာများကိုလည်း ပျောက်ကင်းကြောင်းကို အင်းသူ အင်းသားတို့က ယုံကြည်အားကိုးကြ၏၊ ထို့ကြောင့် အင်းလေး၌ ငှက်ဖျားရောဂါကင်းနေသည်ဟုလည်း ပြောကြ၏။ စာရေးသူမှာ ပင်ကိုက ငြုတ်သီးကြိုက်သူဖြစ်ရာ အဆင့်အဘန်းမြင့်လှသော အင်းလေးငါးကြော် ငြုတ်သီးထောင်းကို များစွာ ဘုဉ်းပေးမိ၏။ လူများအား ကျောင်းအောက်ထပ်၌ ကျွေးမွေး၏။

သံဃာတော်များမှာ ရှင်ရော ရဟန်းပါ အပါး ၁၀၀-ခန့် ရှိ၏၊ လူပရိသတ်များကိုလည်း ကျွေးမွေးညှော့ခံ၏။ ဤဆွမ်းကျွေးပွဲကား "ရှင်အောင်မင်္ဂလာပွဲ" ဖြစ်သည်။ လွန်ခဲ့သော ခုနစ်ရက်က ရှင်ပြုခဲ့၏။ ရှင်သာမဏေများမှာ ရှင်ပြုသည့်နေ့မှ ယနေ့အထိ သာသနာဘောင်၌ ခုနစ်ရက်ပတ်လုံး သီတင်းသုံး ပျော်မွေ့ခဲ့ကြ၏။ ရှင်ပြု၍ ခုနစ်ရက်မြောက်သော ဤနေ့သည် အင်းလေးဒေသ၏ ဓလေ့ရိုးယာအတိုင်း ပြုသော "ရှင်အောင်ပွဲမင်္ဂလာနေ့"ဖြစ်လေသည်။

ဤကား အင်းလေးဒေသ၌သာရှိသော ဝိသေသ ကုသိုလ်ပွဲတည်း။

ဤပွဲ၌ ကျောင်းနီကျောင်း ဂိုဏ်းချုပ်ဆရာတော် ဘုရားကြီး၏ ပွဲထုတ်စီမံချက်ဖြင့် စာရေးသူက အနုမောဒနာတရား ဟောကြားရလေသည်။

ဆွမ်းတော်ပွဲနှင့် ကန်တော့ပွဲများကို ပြင်ဆင်ရာ၌ အင်းသေးပန်းထိမ်လက်ရာ ငွေကလာပ်ကြီးများဖြင့် ပြင်ဆင်ထားသည်ကို သတိပြုမိ၏။ ဤလိုကျောင်း အကြီးကြီး ဆောက်ထားခြင်းမှာ အလှူမင်္ဂလာပွဲ ပြုရာ၌ မဏ္ဍပ်သီးခြားထိုးရန် မလိုပဲ ကျောင်းကိုပင် မဏ္ဍပ်အဖြစ် သုံးနိုင်ကြောင်း ဤပွဲကို အကဲခပ်၍ သိနိုင်သည်။

ဦးစွာ သီလပေးရ၏။ ထို့နောက် သံဃာတော်များက ပရိတ်တရား ချီးမြှင့်တော်မူကြရ၏။ အဆုံးသပ်၍ သဗ္ဗိတိယော- ဂါထာဖြင့် အဆုံး သပ်ရ၏။ ထို့နောက် အနုမောဒနာတရား ဟောရ၏။ အနုမောဒနာတရား ဟောကြားရာ၌ ဇယမင်္ဂလာအောင် ဂါထာဖြင့် ပလ္လင်ဖွင့်လိုက်၏။ ထို့နောက် လေးသင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီဖြည့်ခဲ့ပုံမှစ၍ ဗောဓိပင်နှင့် ရွှေပလ္လင်ဝယ် ဘုရားဖြစ်တော်မူပုံအထိ ဗုဒ္ဓဝင်အကျဉ်းချုပ်ကို ဟော၏။ ထို့နောက် ပဉ္စဝဂ္ဂီငါးဦးအား တရားဦး ဟောကြားခြင်း ယသသူဌေးသား အမှူးရှိသော ငါးကျိပ်ငါးယောက်အား တရားဟောကြားခြင်းနှင့် ထိုသူအားလုံး တရားနာကြားယင်း နှလုံးသွင်း အားထုတ်လျက် ရဟန္တာ ၆၀-ဖြစ်လာပုံ၊ ထို ရဟန်း ၆၀-နှင့်အတူ ထို မိဂဒါဝုန်တော၌ မြတ်စွာဘုရား ပဌမဝါဆိုပြီး ထိုရဟန္တာ ၆၀-အား ဒေသစာရီ လှည့်လည်၍ တရားဟောရန် တိုက်တွန်းတော်မူခဲ့ပုံနှင့် ကိုယ်တော်တိုင်လည်း တရားဟော ကြွတော်မူခဲ့ပုံတို့ကို ဟောကြားသည်။

ထိုအခါ မြတ်ဗုဒ္ဓသာသနာတော်နှင့် ရှင်ရဟန်း ပြုလိုသူတွေ များလာပုံ၊ ထိုစဉ်က ရှင်ရဟန်း ပြုလိုသူတိုင်းအား မြတ်ဘုရားထံမှောက် ခေါ်ဆောင်ခဲ့ပြီး သရဏဂုံဖြင့်ရင်း၊ ဧဟိဘိက္ခုဖြင့်ရင်း ရှင်ရဟန်း ဖြစ်ကြရပုံ၊ ထို့ကြောင့် သာသနာပြုနယ် ကျယ်လာသောအခါ ခရီးဝေးမှ မြတ်ဘုရားထံ ရောက်အောင် ခေါ်ဆောင်၍ ရှင်ရဟန်း ပြုပေးကြရသောကြောင့် ပင်ပန်းကြခြင်းကို မြတ်စွာဘုရားက သိမြင်ငဲ့ညှာတော်မူသဖြင့် ရှင်ရဟန်းပြုလိုသူများအား ရဟန်းဖြစ်ပြီး သူ့တပည့်များက ဦးစွာ ဆံမုတ်ဆိပ်ကို ရိပ်လှီးပယ်ချစေ၍ ဖန်ရေဆိုးသော အဝတ်ကို ဝတ်စေကာ သံဃာတော်၏ ခြေတော်အစုံကို ရှိခိုးစေလျက် သရဏဂုံသီလကို ပီသစွာ ရွတ်ဆို ဆောက်တည်စေ၍ ရှင်ရဟန်းပြုပေးခြင်းကို ခွင့်ပြု မိန့်တော်မူခဲ့ပုံမှစ၍ ဝိနည်းမဟာဝါ၌ လာသောအတိုင်း ရှင်ပြုသမိုင်း အကြောင်းကို ဟောကြား၏။

မိမိ သူတပါး သားများကို သာသနာတော်၌ သွတ်သွင်း၍ပစ္စယာနုဂ္ဂဟ ဓမ္မာနုဂ္ဂဟပြုရခြင်းကြောင့် ရှင်ဒကာ ဒကာမများလဲ သာသနာတော်နှင့် ဆွေမျိုး တော်စပ်ပုံ၊ ထို့ကြောင့် ကိုယ့်ဆွေမျိုး၏ ဆိုးပြစ်ကို

မလိုလားပဲ ကောင်းကျိုးကိုသာ လိုလားသလို၊ သာသနာတော်၏ ဆိုးပြစ်ကို မလိုလားပဲ၊ ကောင်းကျိုးကိုသာ လိုလားရပုံ၊ ထို့ကြောင့် သာသနာတော်၏ ဆန့်ကျင်ဖက် အကုသိုလ်ဒုစရိုက်များကို ရှောင်ရှား၍ ဗုဒ္ဓမြတ်စွာဘုရား၏ အဆုံးအမအတိုင်း ညွှန်ကြားတော်မူကြသော ဆရာတော်သံဃာတော်တို့၏ ဩဝါဒ သီလ-သမာဓိ-ပညာတရားတို့ကို လိုက်နာကျင့်ကြံကြရပုံ၊ ထို့ကြောင့် အလှူရှင်များမှာ ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ်၊ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ကို ရရှိနိုင်ပုံ၊ ထို့ကြောင့် ရှင်ဒကာ ဒကာမများမှာ ရှင်ပြုအလှူနှင့်စပ်ပြီး ပစ္စည်းလေးပါး ဒါယကာနှင့် သာသနာ့ဒါယကာ၊ သာသနာ့ အမွေခံကောင်းများ ဖြစ်နိုင်ကြပုံတို့ကိုလည်း ဟောကြား၏။ ထို့နောက် ဝဋ်ဆင်းရဲ နိဗ္ဗာန်ကို ရည်ရွယ် တောင်းတရန် ညွှန်း၍ ရေစက်ချကို အားလုံး လိုက်ဆိုလေသည်။ ထို့နောက် ယနေ့ ၂-နာရီမှစ၍ ကျောင်းနီကျောင်း၌ မဟာသတိပဋ္ဌာန် ဝိပဿနာတရား - ဟောပြသမည် ဖြစ်ကြောင်းကိုပါ ကြေငြာလိုက်သည်။

တရားဟောပြီးလျှင် အင်းဒေသ၏ ရှင်ပြုပုံကို မေးမြန်းကြည့်၏။ တဦးတည်း စွမ်းနိုင်သူများက တဦးတည်း ပြုကြသည်။ စုပေါင်းရှင်ပြုလည်း လုပ်ကြသည်။ ဦးစွာ ရှင်ပြုခါနီး ရက်သတ္တပတ်ခန့်ကပင် ရပ်ရွာလူများက အလှူရှင်အိမ်သို့ သွား၍ မဏ္ဍပ်ဆောက်ခြင်း စသည်တို့ကို လုပ်အားပေးကြ၏။ ပဌမနေ့၌ ရွာ့ရှင်ကြီးနတ်အား ရှင်လောင်းအဝတ်အစားဖြင့် ကန်တော့ပွဲပြင်၍ ကန်တော့ရသည်။ ထို့နောက် အဖဘက်က အဖိုးနှင့် အမိဘက်က အဖွားအား ပင်နီဝတ်စုံတစုံစီဖြင့် ကန်တော့ရသည်။ ယခုအခါ တက်တရွန်ဝတ်စုံဖြင့်လည်း ကန်တော့ကြသည်။

ဒုတိယနေ့၌ ရှင်လောင်းဝတ်စုံဖြင့် ရွာကျောင်းဆရာတော်များအား ကန်တော့ပွဲဖြင့် ကန်တော့ရသည်။ တတိယနေ့၌ အလှူအိမ်မဏ္ဍပ်ဝယ် ဧည့်ပရိသတ်များအား ထမင်းကျွေးမွေး ဧည့်ခံသည်။ ထိုနေ့၌ ဆိုင်းတတ်နိုင်လျှင် ဆိုင်း၊ အငြိမ့်တတ်နိုင်လျှင်လည်း ဧည့်ခံဖျော်ဖြေသည်။ အလှူမင်္ဂလာပွဲလာ ပရိသတ်များက မကိုင်မှုစလှယ် စသော ရှင်လောင်း အဝတ်စားဝတ်ဆင်၍ ထိုင်နေကြသော ရှင်လောင်းအား ရှင်လောင်းအနီး၌ ထိုင်၍ ချည်မျှင်ကွင်းပေးနေကြသော အမျိုးသမီးနှစ်ဦးထံမှ ချည်မျှင်ကိုယူ၍ စွတ်ပေးကြသည်။ ဤသည်ကို လက်ဖွဲ့ချည်မျှင်မင်္ဂလာဟု ခေါ်သည်။ စတုတ္ထနေ့၌ ဘုန်းတော်ကြီးကျောင်း၌ ပင့်သံဃာများအား ဆွမ်းကပ်သည်။ ထို့နောက် သံဃာတော်များက ရှင်လောင်းများအား ရှင်ပြုပေးသည်။ ကိုရင်များပါ သံဃာစင်၌ ထိုင်၍ သံဃာများအား လှူဖွယ်ဝတ္ထုများကို လှူ၍ ရေစက်ချ တရားနာကြ၏။ ရှင်ပြုပြီးနောက် ခုနစ်ရက်မြောက်သော နေ့၌ ဤနေ့လို ရှင်အောင်ပွဲ-ပြုလုပ်ကြ၏။ မြန်မာပြည်မ၌ ရှင်ပြုပြီးနောက်တရက် ရှင်မည်ခံပွဲလုပ်၏။ ဤအင်းဒေသ၌ လက်ဖွဲ့ချည်မျှင်မင်္ဂလာနှင့်ရှင်အောင်ပွဲမင်္ဂလာ ၂-မျိုးတိုး၍ ပြုကြ၏၊ ရှင်လောင်း ကန်တော့သောအခါ လှေယာဉ်ဖြင့် တီးမှုတ်ကခုန်လျက် သွားကြ၏။

## ဝိပဿနာတရားပွဲ

နံနက်၉-နာရီခန့်၌ ကျောင်းနီကျောင်းဆရာတော်ဘုရားကြီး၏ စီမံချက်အရ ကျောင်းမော်တော်ဘုတ်၊ ကျောင်းအသံချဲ့စက်များဖြင့် ဆရာတော်ဘုရားကြီး၏ တပည့်ရင်း မောင်ပန်းဖြူနှင့်မြန်အောင်ကျောင်းသား မောင်ညွန့်ရွှေတို့သည် ရွာမတခွင်သို့ လှည့်လည်၍ ယနေ့ ၂-နာရီမှစ၍ ကျောင်းနီကျောင်း၌ မဟာစည်ဓမ္မကထိကအဖွဲ့က မဟာသတိပဋ္ဌာန်ဝိပဿနာများကို ဟောပြော ပြသမည် ဖြစ်ကြောင်း ကြေငြာကြလေသည်။

နံနက် ၁၀-နာရီ ၃၀-မိနစ်၌ ကျောင်းနီကျောင်း၌ ဆွမ်းဘုဉ်းပေးကြ၏။ ဟင်းမျိုး စုံလှ၏။ ၁၂-နာရီထိုးခါနီး၌ တရားပွဲကြေငြာသူများ ပြန်လာကြပြီး၊ ၁၂-နာရီ ၃၀-မိနစ်၌ မောင်ညွန့်ရွှေအား ထမင်းစားရန် လာခေါ်သည်။ ဥပုသ်စောင့်ထားသောကြောင့် မွန်းတည့်ပြီမို့ မစားတော့ကြောင်း ပြန်ပြောလိုက်သည်။ ယနေ့ မောင်ညွန့်ရွှေလည်း ထမင်း ၂-နပ် အငတ်ခံ၍ တရားပွဲ ကြေငြာရရှာပါတကား။ နေ့ ၂-နာရီမှ ၃-နာရီ ၂၀-မိနစ်အထိ ကျောင်းနီကျောင်း၌ စာရေးသူက သံယောဇဉ်ဖြတ်တရားတွင် သတိပဋ္ဌာန်အလုပ်ပေးတရားသွင်း၍ ဟောကြား၏။ ညနေ ၃-နာရီ ၃၀-မိနစ်မှ ၄-နာရီအထိ တရားနာပရိသတ်များ လက်တွေ့ တရားထိုင်ကြ၏။ တရားနာ တရားထိုင် ယောဂီ ၅၃-ယောက်ရှိ၏။

## ရွှေတုံသာနှင့် စံရာသို

ရွှေချည်ကွန်ယက်ဖြင့် ဖြန့်ကျက်လျက် ရှိသော နေလုလင်သည် အင်းလေး၏ အနောက်ဘက် တောင်နံရံတံဘိုင်းနှုတ်ခမ်းကို ထိနမ်းလုလုမျှ ဆင်းသက်နေ၏။ စာရေးသူသည် လွိုင်ကော် ဦးဝိစိတ္တ၊ မြန်အောင်မှောင်ညွှန့်ရွှေတို့နှင့်အတူ ကျောင်းနီကျောင်းမှ အနောက်ဘက် ရွာတွင်းလမ်းအတိုင်း ထွက်ခဲ့ကြ၏။ တရားပွဲပြီးစ ခြေညောင်း လက်ဆန့် လှေ့လာခြင်းသဘောဖြင့် ထွက်ခဲ့ကြသည်။ ကျောင်းနီကျောင်း ဦးမာဃက လမ်းပြလိုက်ပို့၏။

အင်းရေသည် နွေလမို့ ကျ-နေသဖြင့် ရွာတွင်း တာခိုးအတိုင်း ခြေလျှင်သွား၍ ရ-နေ၏။ အိမ်ကြိုအိမ်ကြား တာခိုးဘေးပတ်ဝန်းကျင်၌မူ စီးဆင်းနေသော အင်းရေများရှိ၏။ အင်းသူ အင်းသားတို့သည် ခြေဖြင့်တချိုး လက်ဖြင့်တဖုံ မျိုးစုံအောင် လှေလှော်ယင်း သွားလာနေကြ၏။ အင်းလေးယက်ကန်းလက်ခတ်သံနှင့် ရေဒီယိုသံ လွင်လွင်တို့ကိုလည်း ကြားနေရ၏၊ ရွှေပန်းထိမ်  ငွေပန်းထိမ်သည်တို့၏ ရွှေပြားငွေပြား ခတ်သံများသည်လည်း ဟဲယာရွာမတခွင်သို့ ပျံ့လွင့်သာယာနေကုန်၏။

စာရေးသူတို့သည် အင်းရေမြောင်းကို ဖြတ်ခင်းထားသော တံတားပေါ်သို့ ဖြတ်ကျော်ခဲ့ကြ၏။ နေလုလင်၏ရွှေရောင်ခြည်များကြောင့် အင်းရေပြင်သည် ရွှေရောင် ငွေရောင် ပတ္တမြားရောင်တို့ဖြင့် ပြိုးပြိုးပြက်ပြက် ဝင်းလက်နေကုန်၏။

ဇရပ်တန်ဆောင်းများဖြင့် ဝန်းရံနေသော စာသင်ဘုန်းတော်ကြီးကျောင်းကြီးကို တွေ့ကြရ၏။ "ဟဲယာရွာမ၊ ရွှေကုသာ သဒ္ဓမ္မဝုဒ္ဓိကာရီစာသင်တိုက်"ဟု စာပန်းထိုးထား၏။ အုတ်ခင်းလမ်းအတိုင်း ဖြတ်၍ ကျောင်းပေါ်ကို တက်ခဲ့ကြ၏။ စာသင်သားပျိုတို့၏ စာအံသံကိုလည်း ကြက်သရေရှိစွာ ကြားနာရသည်။

ကျောင်းကြီးမှာ နှစ်ထပ်ကျောင်းကြီး ဖြစ်သည်။ အပေါ်ထပ်ရှိ ခမ်းနားဆန်းကျယ်သော ဘုရားစင်ဝယ် ရုပ်ပွားတော်များကို ရှိခိုးပူဇော်ကြ၏။ ပန်းနုငွေပြာသွတ် တံကဲ စသည်တို့ဖြင့် ဆန်းကျယ်စွာ ပန်းထားအား၏။ ကိုရင် ကျောင်းသားတို့၏ ကောင်းမှုကြောင့် ကြမ်းပြင်သည် ဝင်းပြောင်နေ၏။

ဝဝဖိုင့်ဖိုင့်နဲ့ ဆေးပြင်းလိပ်ခဲ၍ ထိုင်နေတော်မူသော ကျောင်းဆရာတော်ကြီးအား ဝပ်တွား နှုတ်ဆက်ကြ၏။ စကားစမြည် အလီလီတို့ကိုလည်း ပြောဆိုဆွေးနွေးကြရ၏။

ဆရာတော်မှာ ဤအင်းလေးအနောက်ဘက်ကမ်းတုံးလည်ရွာဇာတိဖြစ်၍ ဦးဝေပုလ္လာဘိဝံသ-ဟု ခေါ်ဝေါ်ကြောင်း သိရသည်။ ၁၈-နှစ်သား အရွယ်သာမဏေဘဝဖြင့်ပင် မန္တလေး မစိုးရိမ်ကျောင်းတိုက်သို့ စာသင်ရောက်ခဲ့သည်။

၁၃၁၂-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁-ရက်နေ့၌ အင်းလေး အင်းခြံရွာကျောင်း ဥဒကုက္ခေပ သိမ်၌ ရဟန်း ဖြစ်ခဲ့၏။ ထိုရွာကျောင်းဒါယကာ ဦးဘိုးခင်၏ ပစ္စယာနုဂ္ဂဟကို ခံယူခဲ့ရသည်။ ထိုနှစ်၌ပင် မန္တလေးမြို့ အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော် ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ စိန်ပန်းကတ္တူရုပ်သိမ်၌ ၎င်းရုပ်ကျောင်းဒါယကာ ဦးချမ်းမြ၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ ဒု-အကြိမ် သိမ်ထပ်ခဲ့၏။ ထို့ကြောင့် ဆရာတော်သည် အရွယ်ကောင်းစဉ်ကပင် ပဋိရူပဒေသပါသ အရပ်ကို ရောက်၍ ဆရာကောင်း ဒါယကာကောင်းအမှီတို့ကို ရလျက် စာသင်ကြားနိုင်ခဲ့သည်။

နိုင်ငံတော်အစိုးရစာချကန်းကို ရဟန်း ၃-ဝါရ ၁၃၁၅-ခုနှစ်ကပင် ဂုဏ်ထူးဆောင် ကျမ်းများနှင့်အတူ အောင်မြင်ခဲ့သည်။ ၂၃-ခုနှစ်၌ ရန်ကုန်မြို့ စေတိယင်္ဂဏစာချကန်းကို အောင်မြင် ပြီးစီးခဲ့သည်။ ၂၁/၂၂-ခုနှစ်များကလည်း မော်လမြိုင်မြို့ သုသမာစာရစာမေးပွဲ ငယ်-လတ် တန်းတို့ကို ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သေး၏။ ဤသည်လျှင် ဆရာတော်၏ ကြည်ညို အားရဖွယ်ရာ ပရိယတ္တိ အရည် အသွေး ဖြစ်သည်။

၁၆/၁၇-ခုနှစ်များက မန္တလေးမြို့၌ ပါဠိတက္ကသိုလ် ကထိက စာချတာဝန်ကို ဆောင်ရွက်ယင်း ယမကနယဒီပနီအမည်ရှိ ယမိုက်သင်နည်း ပို့ချနည်း အဖွင့်ကျမ်းကို ပြုစုပုံနှိပ်ထုတ်ဝေခဲ့ပြီး စာသင်သားတို့အား ဖြန့်ဝေခဲ့သည်။ ရန်ကုန်မြို့ ဆဋ္ဌသံဂါယနာတင်ပွဲတုန်းကလည်း မူလပဏ္ဏာသအဖွဲ့က အဖွဲ့ဝင်တပါးအဖြစ်ဖြင့် ပါဝင်ဆောင်ရွက်ခဲ့သည်။

[illegible]
စာကြည့်တိုက်
ဓမ္မာစရိယ - ရန်ကုန်

# သတင်းမွှေးသည့် အင်းလေးသို့



၂၄-ခုနှစ်က စစ်ကိုင်း ခရိုင် မြင်းမူမြို့နယ် မြောင်မြို့ သရက်ပင်ကျောင်းတိုက်၌ တနှစ်တဝါ သီတင်းသုံး၍ စာပေပို့ချ သာသနာပြုခဲ့သည်။ ၂၅-ခုနှစ်၌ ရန်ကုန်မြို့ အလယ်တော့ရတိုက်ဝယ် စာပေ ပို့ချနေစဉ် ထိုနှစ် တပေါင်းလ‌ရောက်သော် ကျေးဇူးရှင် အင်းလေးရွာမ ရွှေဘုံသာဆရာတော် လူပြန်တော် ဖြစ်သွားသောကြောင့် အင်းလေးသို့ ပြန်ခဲ့ရသည်။ ကျေးဇူးရှင် ဆရာတော်၏ လက်ငုတ်လက်ရာများ မပြိုပျက်ရအောင် သာသနာ့အမွေကို ဆက်လက်ခံယူလိုက်ရသည်။ ထိန်းသိမ်း စောင့်ရှောက်လိုက်ရသည်။

၁၃၂၆-ခုနှစ်မှ စ၍ ရွှေဘုံသာသဒ္ဓမ္မဝုဒ္ဓိကာရီ စာသင်တိုက်အမည်သစ်ဖြင့် ပရိယတ္တိ စာသင်တိုက် အဖြစ် ထူထောင်လျက် သာသနာပြုခဲ့ရသည်။

ထိုနှစ်မှစ၍ ၁၁-နှစ်ကာလအတွင်း ဤစာသင်တိုက်၌ ဝါဆိုသံဃာ ၃၆၇-ပါးရှိခဲ့၏။ ဤကျောင်းတိုက်မှ အစိုးရ ပဌမငယ် ၃၁-ပါး၊ ပဌမလတ် ၁၅-ပါး၊ ပဌမကြီး ၂-ပါး၊ စာချတန်း ၁-ပါး အောင်မြင်ခဲ့၏။ ရှမ်းပြည်လုံးဆိုင်ရာ ညောင်ရွှေမြို့ စာပြန်ပွဲ၌ အတန်းစုံ ၁၁၆-ပါး အောင်မြင်ခဲ့သည်။ ၎င်းစာပြန်ပွဲ၌ ရေးဖြေ ၁၇၀-ပါး အောင်မြင်ခဲ့သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရ ပဌမပြန်တန်းစုံ အောင် စုစုပေါင်း ၄၉-ပါး၊ ညောင်ရွှေစာပြန်ပွဲ တန်းစုံအာဂုံရော ရေးဖြေပါ စုစုပေါင်း ၂၈၆-ပါး၊ အားလုံး စုစုပေါင်း ၃၃၅-ပါး အောင်မြင်ခဲ့သည်။ ဤသည်တို့ကား ဆရာတော်၏ ပရိယတ္တိသာသနာတော်အတွက် သားကောင်းရတနာများ မွေးဖွားပေးချက်တို့ပင်တည်း။

ဤလို အင်းလေးဒေသဂယ် ဇာတိသား ဆရာတော်တပါး ထွန်းထွန်းပေါက်ပေါက်ရရှိခဲ့ခြင်းသည် အားရနှစ်သက်ဖွယ် ကောင်းလှပါသည်။ ထို့ကြောင့်လည်း အင်းလေးဂိုဏ်းချုပ် ဆရာတော်ဘုရားနှင့် သံဃာတော်များဖက်ကရော၊ ရပ်ရွာ ဒါယကာ ဒါယိကာမများဖက်ကပါ ဝိုင်းဝန်း အားပေးခဲ့ကြသည်။ ဤသည်လည်း အင်းလေးပရိယတ္တိသာသနာအတွက် သာသနာ့ကြယ်ပွင့် ဝင်းလက်တင့်ကြွားနေပုံကို အားရကြည်နူးစရာ ဖြစ်ကြောင်း မှတ်တမ်းတင်လိုက်ရပါသည်။

စာရေးသူတို့သည် ရွှေဘုံသာနယ်မှဆက်၍ လယ်ကန်သင်းကိုဖြတ်လျက် တံတားအိုကိုကျော်ကာ စံရာကျောင်းဂိုဏ်းအုပ်ဆရာတော်ထံသို့ သွားကြပါသည်။ ရေမြောင်း ရေကန်နှင့် စပါးစိုက်ခင်းများကို နေခြည်သန်းနေရာ သာယာသောရှုခင်းအဖြစ် မြင်ကြရပါသည်။ အင်းရေကိုစစ်သွင်း၍ ဘောင်ခတ်ထားသော ရေကန်ဝယ် လှေကိုယ်စီဖြင့် ရေခတ်နေကြသော အင်းသူပျိုတို့ကိုလည်း တွေ့ရပါသည်။ သမင်လည်ပြန်မြင်ရသော ရွာမ,သည် လှချင်တိုင်းလှနေချေသည်တကား။

ကျောင်းမ,ကြီးတဆောင်နှင့်စာသင်ဇရပ်ကျောင်းတဆောင်တို့ကို ရေမြောင်းနှင့် လယ်ကွက် စားပင်သောက်ပင်တို့ဖြင့် သာယာစွာ တည်ရှိသော စံရာကျောင်းကို ရောက်ကြပါပြီ။ ဤကျောင်းသည် ရွာမ၏ အနောက်မြောက်ဖက်၌ တည်ရှိသည်။

ဆရာတော်သည်ဇရပ်ပေါ်၌ ကိုရင်လေးများအား သဒ္ဒါစာဝါကို ပို့ချနေတော်မူ၏။ ပါးစပ်ကလည်း ပြောပြ၍ ဘော်၌လည်း ရေးပြသည်။ ထို့ကြောင့် စာရေးသူတို့သည် နေရီရီရှုခင်းသာကို ကြည့်ရှုနေကြပါသည်။ အင်းရေပြင်သည် ရွှေရောင်တောက်နေ၏။ မြလွှာရုံစပါးပင်တို့သည်လည်း ရွှေခြည်မျှင်ငယ်တို့ဖြင့် တင့်တယ်နေကြ၏။ ရေသယ်သော လှေငယ်တို့ကလည်း ပန်းချီဆန်သော အင်းလေးရွာမကို ပိုမိုလှပ သက်ဝင်စေ၏။

စာရေးသူတို့သည် ဆရာတော် စာချပြီးသော် ကျောင်းပေါ်တက် ဝပ်တွား၍ စကားပြောဆိုကြ၏။ ရဟန်းတို့၏ ညနေစာ အဖျော်ယမကာဖြင့်လည်း ဧည့်ခံပါ၏။ ဆရာတော်သည် အနည်းငယ် ကိုယ်လုံးသေးသော်လည်း အရုပ်အမောင်းတော့ ကောင်း၏။ စကားပြောချို၏။ အင်းသားဇာတိပင်ဖြစ်၏။ ဂိုဏ်းအုပ်တာဝန်ကိုယူယင်း တတ်အားသမျှလည်း စာပေပို့ချတော်မူ၏။ စံရာကျောင်းဂိုဏ်းအုပ် ဆရာတော်ဟုပင် အများက ခေါ်ကြသည်။ အသက်အရွယ်ထောက်လာသော်လည်း စာပေပို့ချနေသေး၍ ဆရာတော်အားလည်း ကြည်ညို အားရ ရှိလှပါသည်။ စာရေးသူတို့သည် ခဏမျှစကားပြောပြီးနောက် ပြန်ခဲ့ကြသည်။ ရွှေဘုံသာဆရာတော် ကလည်း အပြန်အမောပြေ ဖျော်ရည်သောက်ပါဦးဆို၍ သံပုရာဖျော်ရည်ကို ဝင်သောက်ခဲ့ကြရသေးသည်။ (ဆက်ရန်)

၂၀၀၆၀

# ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး

# ၏

# အဆုံးအမဩဝါဒကထာ

၁။ ဟိတေသီအဖွဲ့ဝင်တို့သည် မိမိတို့၏ ကုသိုလ်ကောင်းမှုလုပ်ငန်းစဉ်များကို ဆင်ခြင်အောက်မေ့လျက် ဝမ်းမြောက်နိုင်ကြပါစေ။

၂။ ဝမ်းမြောက်ကြပြီးလျှင် မပျက်မကွက် ဆက်လက်၍ တိုးတက်၍ ဆောင်ရွက်နိုင်ကြပါစေ။

၃။ ထိုသို့ ဆောင်ရွက်ရာ၌ အဆင်မပြေသည်ကို တွေ့ရသောကြောင့်လည်း စိတ်ပျက်ခြင်း, စိတ်ဓါတ်ကျဆင်းခြင်း မရှိစေဘဲ အောင်မြင်သည့် အတွက်ကြောင့်လည်း မာန်တက်ကြွခြင်းမရှိစေဘဲ တည်ငြိမ်ခိုင်ခန့်သော စိတ်ဓါတ်ဖြင့် ဆောင်ရွက်နိုင်ကြပါစေ။

၄။ ချွတ်ယွင်းချက် တစုံတခုကို တွေ့ရလျှင်လည်း မည်သူ့ကိုမျှ အပြစ်မတင်ဘဲ မိမိနှင့်တကွ အားလုံး၏ ချွတ်ယွင်းချက်ဟု နှလုံးသွင်းပြီးလျှင် ထိုသို့သော ချွတ်ယွင်းချက်မျိုး တဖန်မဖြစ်ရန်အတွက်သာလျှင် အထူးသတိပြု၍ ဆောင်ရွက်နိုင်ကြပါစေ။

၅။ အဖွဲ့ဝင်အချင်းချင်း သူတပါးက မိမိအား သည်းခံရသည်ဟူသော အကြောင်းအရာမျိုးမရှိဘဲ မိမိကသာ သူတပါးအား သည်းခံရသည့်ဘက်က နေနိုင်ရန်လည်း အထူးသတိပြုနိုင်ကြပါစေ။

၆။ ညှိပုံညှိနည်းဖြင့် တက်ညီလက်ညီ ဆောင်ရွက်ကြ၍ ဟိတေသီအဖွဲ့ကြီးအား တိုးတက်သည်ထက် တိုးတက်အောင် မြှင့်တင်နိုင်ကြပါစေ။

၇။ ပဋိပတ္တိသာသနာတော်ကိုလည်း ဆထက်တပိုးတိုး၍ ချီးမြှောက်နိုင်ကြပါစေ။

# ဟိတေသီအဖွဲ့

# ၏

# သစ္စာအဓိဋ္ဌာန်(၅)ချက်

၁။ အကျွန်ုပ်တို့သည် ဗုဒ္ဓမြတ်စွာ၏သာသနာတော်ရောင် ထွန်းပြောင်တောက်ပစေရေး အတွက် ကိုယ်အား ဉာဏ်အား သဒ္ဓါတရားဖြင့် ကြိုးစားဆောင်ရွက်ကြပါမည်။

၂။ အကျွန်ုပ်တို့သည် နည်းမှန်လမ်းမှန် ဝိပဿနာအကျင့်မှန်တရားဖြင့် အရိယာနွယ်ဝင် သူတော်စင်များ တိုးတက်ပြန့်ပွား ထွန်းကားပွင့်ပေါ်လာရေးအတွက် ကိုယ်အား ဉာဏ်အား သဒ္ဓါတရားဖြင့် ကြိုးစား ဆောင်ရွက်ကြပါမည်၊ မိမိတို့ကိုယ်တိုင်လည်း အရိယာနွယ်ဝင် သူတော်စင်များဖြစ်အောင် အားထုတ်ပွားများကြပါမည်။

၃။ အကျွန်ုပ်တို့သည် ရန်ကုန်မြို့ မဟာစည် သာသနာ့ရိပ်သာကြီးစည်ပင်ပြန့်ပွား ထွန်း ကား သာယာရေးအတွက် ကိုယ်အား ဉာဏ်အား သဒ္ဓါတရားဖြင့် ကြိုးစား ဆောင်ရွက်ကြပါမည်။

၄။ အကျွန်ုပ်တို့သည် ဟိတေသီအဖွဲ့၏ တိုးတက်ကြီးပွား ထင်ရှားကျယ်ပြန့် တည်တန့် ခိုင်မြဲရေးအတွက် ကိုယ်အား ဉာဏ်အား ပြတ်သားသော သဒ္ဓါတရားဖြင့် ကြိုးစား ဆောင်ရွက်ကြပါမည်။

၅။ အကျွန်ုပ်တို့သည် ဟိတေသီအဖွဲ့ဝင် သူတော်စင် မိသားစုတို့၏ ပစ္စုပ္ပန် တမလွန် နှစ်တန်သောအကျိုးစီးပွား မြင့်မားသာယာရေးအတွက် မိသားစုစိတ်ဓါတ်ဖြင့် ပြတ်ပြတ်သားသား ကြိုးစားဆောင်ရွက်ကြပါမည်။

# ဦးသုန္ဒရ၏အမေးဖြေကြားချက်

ဆိပ်ခွန်ရွာ ပိဋကတ်ကျောင်း ဆရာတော်၏
သောတာပန်ရဟန်း လူထွက် မထွက် ပြဿနာ


မဟာစည်ဆရာတော်
အဂ္ဂမဟာပဏ္ဍိတ



သာသနာ့ရိပ်သာ
၁၆၊ ဟာမစ်တစ်လမ်း
ရန်ကုန်မြို့။

နေ့စွဲ၊ သော်သလင်းလဆန်း-၃၊ ၄၁-ခု။

ဦးသုန္ဒရထံမှ (ပိဋကတ်ကျောင်း ဆိပ်ခွန်) စာကို ဝါခေါင်လကွယ်နေ့က ရရှိခဲ့ပါသည်၊ အခြားကိစ္စလေးများ ရှိနေသောကြောင့် ဒီကနေ့မှ ဖြေကြားစာကို ရေးရပါသည်၊ ဦးသုန္ဒရ၏စာတွင် တွေ့ရသည်မှာ အတိုချုပ်အားဖြင့် အောက်ပါအတိုင်း ဖြစ်ပါသည်။

## လူထွက် မထွက် မေးခွန်း

မဟာဝဂ္ဂသံယုတ် နှာ(၄၉) နဒီသုတ်၌ သေယျထာပိ ဘိက္ခဝေ ဂင်္ဂါ နဒီ ပါစီနနိန္နာ စသည်ဖြင့် အရှေ့ဘက်သို့စီးနေသော ဂင်္ဂါမြစ်ကို နောက်ဘက်ပြန်စီးအောင် မတတ်နိုင်သလိုပင် အင်္ဂါရှစ်ပါး ရှိသော အရိယမဂ်ကို (ဘာဝေန္တံ)ဖြစ်ပွားစေသဲ ရဟန်းကို မင်းစသည်တို့က လူထွက်စေရန် မသွေးဆောင်နိုင်ကြောင်း၊ ထိုသို့ ချီးမြှောက်၍ သွေးဆောင်သော်လည်း အင်္ဂါရှိက အရိယာမဂ်ကို ဖြစ်ပွားစေသော ရဟန်းသည် သိက္ခာချ၍ လူထွက်ခြင်း မရှိကြောင်းများ ပြဆိုထားသည်ကို တွေ့ပါသည်ဟူ၍ရင်း။

## သမထ ဝိပဿနာ မေးခွန်း

သတိပဋ္ဌာန်ပါဠိတော်တွင် ကာယာနုပဿနာ အာနာပါနပဗ္ဗ-၌ သဗ္ဗကာယ ပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ-စသည်အရ ဝင်လေထွက်လေ၏ အစ အလယ် အဆုံး သုံးပါးလုံးကို ထင်ရှားအောင် မှတ်ရမည်ဟု ဟောပါသည်၊ ပဋိသမ္ဘိဒါမဂ်ပါဠိ ဥပက္ကိလေသ-ဉာဏနိဒ္ဒေသ-၌ အဿာသာဒိမဇ္ဈ ပရိယောသာနံ သတိယာ အနုဂစ္ဆတော အဇ္ဈတ္တဝိက္ခေပဂတံ စိတ္တသမာဓိဿ ပရိပန္ထော-စသည်ဖြင့် ဝင်လေထွက်လေ၏ အစ အလယ် အဆုံးတို့သို့ သတိ

ဖြင့် လိုက်၍ ရှုမှတ်သူအား သမာဓိပျက်ကြောင်း ဥပက္ကိလေသ-ဟု ဟောထားပြန်ပါသည်။ ထိုပါဠိတော်နှစ်ပါးတို့၏ အဓိပ္ပါယ်သည် သမထ ဝိပဿနာတို့ဖြင့် ခြားနားခြင်း ရှိ မရှိ မိန့်ကြားရန် လျှောက်ပါသည် ဟူ၍ငင်း မေးခွန်းအနေဖြင့် ပြထားသည်ကို တွေ့ရပါသည်။

ထိုမေးခွန်း ၂-ခုတို့တွင် ဒုတိယမေးခွန်းကို တိုတိုနှင့် ဖြေနိုင်သောကြောင့် ယင်းမေးခွန်းကို ရှေးဦးစွာ ဖြေကြားပါမည်။

## ဒုတိယ မေးခွန်းအဖြေ

သဗ္ဗကာယပဋိသံဝေဒီ-စသော ပါဠိနှင့် သကလဿ အဿာသကာယဿ....ပဿာသကာယဿ အာဒိမဇ္ဈ ပရိယောသာနံ ဝိဒိတံ ကရောန္တော-စသော အဋ္ဌကထာအရအားဖြင့် အစ အလယ် အဆုံး သိအောင် ရှုပုံမှာ ဝိသုဒ္ဓိမဂ် ပဌမနှာ (၂၇၂)၌ အပိစခေါ ဖုသနာဝသေန စ ဌပနာဝသေန စ မနသိကာတဗ္ဗံ-ဟု ပြထားသည့်အတိုင်း နှာသီးဝ တိုက်ထိရာ၌သာ ဝင်လေထွက်လေ၏ အစအဆုံးကိုသိအောင် ရှုခြင်းမျှသာ ဖြစ်ပါသည်၊ ထိုသို့ တနေရာတည်း၌ ရှုနေမှသာ သမထသမာဓိက ဖြစ်နိုင်ပါသည်၊ ထို့ကြောင့် သမထသမာဓိဖြစ်အောင် ရှုသူမှာ နှာသီးဝဌာနမှ အတွင်းဘက်သို့ရင်း၊ အပြင်ဘက်သို့ရင်း လိုက်၍မရှုသင့်ကြောင်း၊ ထိုသို့ရှုပါက အတွင်း၌ ပြန့်လွင့်ခြင်း အပြင်၌ ပြန့်လွင့်ခြင်းများ ဖြစ်ကြောင်းကို ပဋိသမ္ဘိဒါမဂ်ပါဠိ၌ အဿာသာဒိမဇ္ဈ ပရိယောသာနံ သတိယာ အနုဂစ္ဆတော-စသည်ဖြင့် ပြထားပါသည်၊ ထိုစကားရပ်ဖြင့် သမထသမာဓိဖြစ်အောင် ရှုပုံကိုသာ ပြခြင်းဖြစ်ပါသည်၊ ဝိပဿနာဉာဏ်ဖြစ်အောင် ရှုရာ၌မူကား သဗ္ဗံအဘိညေယျံ-စသည်ဖြင့် မည်သည့်ဌာနကရုပ်မဆို ထင်ရှားပေါ်လာသမျှကို ရှုသိအပ်ကြောင်း ဟောပြထားပါသည်။

## ပဌမမေးခွန်းအဖြေ

သောတာပန် ရဟန်းသာမဏေ လူမထွက်ကြောင်းကို ပဲခူးမြို့ ရွှေဂူကျောင်း အသျှင်ဉာဏာလင်္ကာရ အမှူးရှိသော ဝိနယသာကစ္ဆာအဖွဲ့က ၁၃၂၆-ခုနှစ်၌ ဆုံးဖြတ်ပြီးလျှင် ယင်းဆုံးဖြတ်ချက်ကို ပုံနှိပ်ထုတ်ဝေခဲ့ပါသည်၊ ဦးသုန္ဒရဟာ ယင်းအဆုံးအဖြတ်ကို တွေ့ရသည့်အတွက် သောတာပန်ရှင်ရဟန်းတို့ လူမထွက်ကြောင်းသိစေရန် မဟာဝဂ္ဂသံယုတ်မှ နဒီသုတ်ပါဠိကို ဖော်ပြလိုက်တာလေသလားဟု တွေးထင်မိပါသည်။

ယင်းသုတ်ပါဠိ၌ သော ဝတ ဘိက္ခဝေ ဘိက္ခု အရိယံ အဋ္ဌင်္ဂိကံ မဂ္ဂံ ဘာဝေန္တော အရိယံ အဋ္ဌင်္ဂိကံ မဂ္ဂံ ဗဟုလီကရောန္တော သိက္ခံ ပစ္စက္ခာယ ဟီနာယာဝတ္တိဿတီတိ နေတံ ဌာနံ ဝိဇ္ဇတိ၊ တံ ကိဿ ဟေတု၊ ယံ ဟိ တံ ဘိက္ခဝေ စိတ္တံ ဒီဃရတ္တံ ဝိဝေကနိန္နံ ဝိဝေက

ပေါဋ္ဌ ဝိဝေကပဗ္ဘာရ၊ တံ ဝတ ဟီနာယာဝတ္တိဿတီတိ နေတံ ဌာနံ ဝိဇ္ဇတိ-စကားရပ်ကို သေသေချာချာ စိစစ်ကြည့်လျှင် ထိုအဖွဲ့၏အဆုံးအဖြတ်ကို တိကျမှန်ကန်သည်ဟု မှတ်ယူရန် မခိုင်လုံပါ။

မခိုင်လုံပုံကတော့ အရိယံ အဋ္ဌင်္ဂိကံ မဂ္ဂံ ဘာဝေန္တော-ဟူသော ပါဠိဖြင့် လောကုတ္တရာမဂ်ပွားစေဆဲကို ယူလိုပါသလား၊ ဝိပဿနာမဂ်ပွားစေဆဲကို ယူလိုပါသလား၊ အကယ်၍ လောကုတ္တရာမဂ်ကို ပွားစေဆဲကို ယူပါက မဂ်ရောက်ဆဲ ထိုရဟန်းသာမဏေအား မင်း စသည်တို့က လူထွက်ရန် ဖိတ်ခေါ်သွေးဆောင်ဘို့ မဖြစ်နိုင်ပါ၊ ထိုမဂ်ရောက်နေဆဲခဏ၌ လူထွက်ရန်လည်း မဖြစ်နိုင်ကြောင်း ထင်ရှားနေပါသည်။ ထို့ကြောင့် အရိယံ မဂ္ဂံ ဘာဝေန္တော အရ အရိယမဂ်ပွားစေဆဲဟု ယူရန်မဖြစ်သင့်ပါ။

သို့မဟုတ် အရိယမဂ်ရအောင် ဝိပဿနာမဂ်ကို ပွားစေဆဲ ဝိပဿနာရှုနေဆဲကို ယူပါကလည်း သောတာပတ္တိမဂ် မရောက်သေးခင် ဝိပဿနာရှုဆဲ ပုထုဇဉ်လည်း လူမထွက်ဟု ယူရပါလိမ့်မည်၊ ဘာကြောင့်လဲဆိုလျှင် ယင်းဝိပဿနာရှုနေဆဲ ပုထုဇဉ်လည်း သီလကိုမှီ၍ ဝိပဿနာမဂ္ဂင်ကို ဖြစ်ပွားစေဆဲဖြစ်သောကြောင့်ပင်၊ ထို့ပြင် အရိယမဂ်ရောက်အောင်လဲ အားထုတ်နေဆဲဖြစ်သောကြောင့်ပင်၊ ဤအရာ၌ အထူးသတိပြုစရာကတော့ မဂ္ဂံ ဘာဝေန္တော-ဟူသောပါဠိဖြင့် မဂ်ကိုပွားစေပြီးပုဂ္ဂိုလ် မဂ်ကိုရပြီးပုဂ္ဂိုလ်ဟု မယူနိုင်ပါ၊ မဂ်ကိုပွားစေဆဲပုဂ္ဂိုလ်ဟူ၍သာလျှင် ယူနိုင်ပါသည်၊ ထို့ကြောင့် ထိုပါဠိအရဖြင့် သောတာပန်ဟု အတိအကျ ယူရန် မဖြစ်နိုင်ပါ။ ဤအချက်ကို အထူးသတိပြုသင့်ပါသည်။

ထို့ပြင် ထိုပါဠိ၌ လူမထွက်ခြင်း၏အကြောင်းကို ဖော်ပြရာမှာ အရိယမဂ်ရပြီးဖြစ်သောကြောင့်ဟု မပြပဲ စိတ္တံ ဒီဃရတ္တံ ဝိဝေကနိန္နံ-စသည်ဖြင့် ပြထားသောကြောင့် ဝိဝေကနိန္န စသော စိတ်ကြ[illegible]မြင့်စွာဖြစ်ခဲ့ခြင်းကိုသာ လူမထွက်နိုင်ခြင်း၏အကြောင်းဟု ယူရန် ထင်ရှားပါသည်၊ သောတာပန်ဖြစ်ခြင်းမျှကို ယူရန်ကားမထင်ရှားပါ၊ ဘာကြောင့်လဲဆိုလျှင် လူဝတ်ကြောင် သောတာပန်များမှာ ဝိဝေကနိန္န စသော စိတ်အားမကြီးသောကြောင့် အိမ်ထောင်ပြုလျက် ကာမဂုဏ်ချမ်းသာကို ခံစားနေကြသောကြောင့်ငှင်း၊ မဟာဝဂ္ဂသံယုတ် နှာ ၁၉၁-၁၉၂-၌ သောတာပန်ဖြစ်ပြီးသော ဥဏ္ဏာဘ ဆိုသည့် ပုဏ္ဏားဟာ ရထားသည့် ချာန်မလျှော မပျက်သေးမီ သေပါက ကာမဘုံသို့ ပြန်မရောက်ကြောင်း ဟောထားသည့်စကားတော်အရဖြင့် သောတာပန်မှာ ရ-ထားပြီးဈာန်လည်း လျှောနိုင်ပျက်နိုင်သေးကြောင်း ထင်ရှားသောကြောင့်ငှင်း၊ သောတာပန်ဖြစ်ရုံမျှဖြင့် ဝိဝေကနိန္န စသည် အားကောင်းနေပြီဟု မှတ်ယူရန် မသေချာပါ၊ ထိုသို့ဝိဝေကနိန္နစသည် အားမကောင်းလျှင် လူမထွက်ခြင်း၏အကြောင်း ပြည့်စုံနေပြီဟု မဆိုနိုင်ပါ။

ထို့ကြောင့် နိဒါနဝဂ္ဂသံယုတ်ပါဠိ နှာ ၂၈၃ ကဋ္ဌာရသုတ်၌ မောဠိယဖဂ္ဂုန လုံထွက် တာဟာ အဿာသကို မရသေးသောကြောင့်ဟူ၍ အရှင်သာရိပုတ္တရာက ပြောကြားသည့် စကားထဲမှာ အဿာသ အရကို အနာဂါမိမဂ်အထိ မဂ်သုံးပါးဟု အဋ္ဌကထာ၌ ဖွင့်ပြထား သည်၊ အဲဒီအကြောင်းကို "စိတ်ကို မတုန်လှုပ်စေနိုင်ခြင်းနှင့်စပ်၍" သီလဝန္တသုတ်တရားတော် နှာ ၄၄၂-စသည်မှာ ဖော်ပြထားပါသည်၊ အဲဒီအဋ္ဌကထာအဖွင့်အရ အနာဂါမ်မှာ ဝိဝေက- နိဿိတ စသောစိတ် ပြည့်စုံနေသောကြောင့်ရှင်း၊ ကာမရာဂကင်းနေသောကြောင့်ရှင်း အနာဂါမ် လူမထွက်ကြောင်း အလွန်ပင်ထင်ရှားပါသည်၊ ထို့ကြောင့် အရိယာမဂ်ပွားစေသော အနာဂါမ် ရှင်ရဟန်းသည်ရှင်း၊ ဝိပဿနာမဂ်ကို ပွားစေလျက် ကဝိဝေကနိဿိတစသော စိတ်ကြာမြင့်စွာ ဖြစ်နေ သော ပုထုဇဉ်သောတာပန် သကဒါဂါမ် ရှင်ရဟန်းတို့သည်ရှင်း မည်သည့်အကြောင်းကြောင့်မျှ သိက္ခာချ၍ လူထွက်ခြင်းမရှိဟု ဤသို့ယူလျှင် သင့်လျော်ပါလိမ့်မည်။

ဝိဝေကနိဿိတ စသောစိတ် အားမကောင်းသေးသည့် သာမန်သောတာပန် ရှင်ရဟန်းက တော့ နောက်ဘဝ၌ လူဖြစ်ယင်သော်ရှင်း၊ နတ်ဖြစ်ယင်သော်ရှင်း၊ အိမ်ထောင်ဆိုင်ရာ ကာ မဂုဏ်ကိုလည်း ခံစားဖွယ်ရှိနေသောကြောင့် အကြောင်းအားလျော်စွာ မျက်မှောက်ဘဝ၌လည်း လူထွက်ခြင်းဖြစ်နိုင်သည်ဟူ၍ရှင်း၊ အထူးအားဖြင့် ရက်, လ အကန့်အသတ်နှင့်တကွ ဒုလ္လဘ ရှင်ရဟန်းပြုဆဲမှာ ဝိပဿနာရှု၍ သောတာပတ္တိမဂ်ဖိုလ်သို့ ရောက်ပြီးဖြစ်သော်လည်း မူလက ရည်ရွယ်ထားသည့်အချိန် ကုန်သောအခါ လူထွက်ခြင်းဖြစ်နိုင်သည်ဟူ၍ရှင်း၊ မိမိ(မဟာစည် ဆရာတော်)က သဘောကျလျက် မှတ်ယူထားပါသည်။

ထိုသို့မှတ်ယူခြင်းဖြင့် ဒုလ္လဘရဟန်းပြုလျက် မဂ်ရောက်ဖိုလ်ရောက် တရားအားထုတ်ရေး အတွက် တိုက်တွန်းညွှန်ကြားရန် အဆင်ပြေပါသည်၊ ထိုသို့မဟုတ်ပဲ ရှင်ရဟန်းအဖြစ်မှ လူ ထွက်သူတိုင်းကို ပုထုဇဉ်ဟု ရှုတ်ချပြောဆိုပါက ပဋိပတ္တိသာသနာတော်ကို အားမပေးရာ ရောက်သည့်ပြင် အရိယာဖြစ်နေသူကို ပုထုဇဉ်ဟု ရှုတ်ချပြောဆိုခြင်းလည်း ဖြစ်နိုင်သော ကြောင့် အကုသိုလ်အပြစ်လည်း အကြီးအကျယ်ဖြစ်ဖွယ် ရှိပါသည်။

ပဲခူးမြို့ ဝိနယသာကစ္ဆာအဖွဲ့၏ဆုံးဖြတ်ချက်ထဲ၌ မောဂ္ဂလိပုတ္တသာမဏေ သောတာပန် ဖြစ်ပြီးသည့်အခါ သူ့ဆရာ သိဂ္ဂဝမထေရ်က အဲဒီသာမဏေကို လူမထွက်တော့ဘူးလို့ ယူဆပြီး တော့ တရားကျမ်းဂန်သင်ယူရန် စဏ္ဍဝဇ္ဇီမထေရ်ထံ စေလွှတ်လိုက်ကြောင်း ပြထားသည့် အဋ္ဌကထာစကားကိုမှီပြီးတော့လည်း သောတာပန်ဖြစ်လျှင် လူမထွက်ကြောင်း ပြဆိုထားသည်၊ သို့သော် ထိုသိဂ္ဂဝမထေရ်၏ ယူဆချက်ထဲ၌ မောဂ္ဂလိပုတ္တသာမဏေဟာ သောတာပန် ဖြစ် ကြောင်း၊ သာသနာတော်မှ ဆုတ်နစ်ရန်မထိုက်တော့ကြောင်း၊ ဆက်ပြီး တရားအားထုတ် လျှင် ရဟန္တာဖြစ်သွားမည့်အကြောင်းများကိုလည်း ပြထားပါသေးသည်၊ အဲဒါတွေကို ဆင်

ခြင်ကြည့်လျှင် သောတာပန်ဖြစ်ရုံမျှသာမဟုတ်၊ ရဟန္တာဖြစ်နိုင်သည့်အထိ အရည်အချင်းကောင်းစွာ ပြည့်စုံလျက်ရှိနေကြောင်း သိရသဖြင့် ဝိဝေကနိဿိတ စသောစိတ်လည်း ပြည့်စုံနေကြောင်း ထင်ရှားပါသည်၊ ထို့ကြောင့် ထိုသာမဏေလူမထွက်ပဲ တည်မြဲခြင်း၏အကြောင်းမှာ ဘုရားစကားတော်၌ ပြထားသည့်အတိုင်း ဝိဝေကနိဿိတ စသောစိတ်ပြည့်စုံနေသောကြောင့်ဟု ယူလျှင်သင့်မည်သာ ဖြစ်ပါသည်။

ထို့ကြောင့် နိဒါနဝဂ္ဂသံယုတ်မှ ကဋ္ဌာရသုတ်ပါဠိနှင့် အဋ္ဌကထာအရ အနာဂါမိမဂ် မရသေး၍ ဝိဝေကနိဿိတ စသည်လည်း မပြည့်စုံသေးလျှင် ရှင်ရဟန်းအဖြစ်မှ အကြောင်းအားလျော် လူထွက်ခြင်းဖြစ်နိုင်သေးသည်ဟူ၍၎င်း၊ အနာဂါမ်ဖြစ်နေယင်တော့ ဝိဝေကနိဿိတစသည်လည်း ပြည့်စုံနေမည်သာဖြစ်သောကြောင့် လူထွက်ခြင်းမဖြစ်နိုင်ဟူ၍၎င်း၊ မဟာဝဂ္ဂသံယုတ် နဒီသုတ်ပါဠိအရ ဝိပဿနာရှုလျက် ဝိဝေကနိဿိတစသော စိတ်ကြာမြင့်စွာ ပြည့်စုံနေလျှင် ပုထုဇဉ်မှာသော်လည်း ရှင်ရဟန်းအဖြစ်မှ လူထွက်ခြင်းမဖြစ်နိုင်ဟူ၍၎င်း မှတ်ယူသင့်ပါသည်။

| | |
|---|---|
| မိတ္ထီလာမြို့ | အရှင်သောဘန |
| **ဆရာတော် ဦးတိဿ** | **အဂ္ဂမဟာပဏ္ဍိတ** |
| ပဲခူး သာသနမဏ္ဍိုင် ဆရာတော်များထံသို့ | မဟာစည်ဆရာတော် |
| လည်း ပေးလိုက်ပါသည်။ | သာသနာ့ရိပ်သာ၊ ရန်ကုန်မြို့။ |

---

## မဟာစည် ဆောင်ပုဒ်

### သြဝါဒတရားတော်

၁။ အမှတ်ရစေ၊ သိလျက်နေ၊ နှစ်ထွေဘုရားအဆုံးမတော်ပေတည်း။

၂။ အပါယ်ဘေးငြိမ်းခွင့်၊ ဉာဏ်အဆင့်၊ အသင့်ရောက်ပါစေ။

၃။ ထိုဉာဏ်ဖြင့်လဲ၊ မတော်ခဲ၊ ဆင်းရဲငြိမ်းပါစေ။

၄။ ဖြစ်ပေါ်လာငြား၊ စိတ်ကြမ်းများ၊ ပယ်ရှားနိုင်ပါစေ။

ဖျာပုံ သာသနာ့ရိပ်သာ ဆရာတော်၏

# ဒေသနာတော်နှင့် ဆောင်ပုဒ်လင်္ကာ

## အမြေ ရတနာ

**ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးထံတော်သို့....**

နေ့စွဲ–၁၃၃၃–ခု၊ တန်ခူးလပြည့်ကျော် ၆–ရက်၊

လေးမြတ်စွာ စာရေးလျှောက်ထားပါသည်ဘုရား၊ ချီးမြှင့်တော်မူလိုက်သော စာများကို တန်ခူးလပြည့်ကျော် ၅–ရက်နေ့က ကောင်းမွန်စွာ ရရှိပါသည်ဘုရား။

ဝိဇ္ဇာစရဏသမ္ပန္န–အရ

လောကခံတရားတော်စာမူနှင့် ဟေမဝတသုတ္တန်တရားတော်ကြီး၏ လင်္ကာစာမူများကို မည်ကဲ့သို့နှီးနှော၍ ယူရမည်ကို ညွှန်ကြားချီးမြှောက်တော်မူပါဘုရား။

**ဝဏ္ဏိတ**

သာသနာ့ရိပ်သာ၊

ဂ–လမ်း၊ ဖျာပုံမြို့။

**မဟာစည်ဆရာတော်**

**အဂ္ဂမဟာပဏ္ဍိတ**

သာသနာ့ရိပ်သာ

၁၆–ဟာမစ်တိတ်လမ်း၊

ရန်ကုန်မြို့မှ...

နေ့စွဲ ၁၃၃၃–ခု၊ နောင်းတန်ခူးလဆုတ်

၁၁–ရက်၊ (၉၊ ၄၊ ၇၂)

**ဦးဝဏ္ဏိတသို့....**

ပြန်ကြားသိစေလိုက်ပါသည်။

ဝိဇ္ဇာစရဏသမ္ပန္န–ပုဒ်၌ စရဏ ၁၅–ပါးအစဉ်ကို လောကခံတရားတော်စာအုပ် ဘုရားရှိခိုးပိုင်း၌ ပြထားသည်မှာ သီလက္ခန် အမ္ဗဋ္ဌသုတ်၊ မဇ္ဈိမ ပဏ္ဏာသ သေခသုတ်နှင့်အညီ ဝိသုဒ္ဓိမဂ် ဗုဒ္ဓါနုဿတိဝိဇ္ဇာစရဏသမ္ပန္နပုဒ်အဖွင့်၌ ပြထားသည့်အတိုင်းပင်ဖြစ်သည်၊ ထိုအစဉ်၌ သတိ–ကို ဝီရိယ၏နောက်၌ပြရမည့်အစား ဟီရိနှင့်ကာရန်တူစေလိုသောကြောင့် သဒ္ဓါ၏နောက်၌ ပြထားခြင်းမျှသာ ထူးခြားကွဲလွဲခြင်းရှိသည်။

ဟောမဝတသုတ်ဆောင်ပုဒ်၌ မူလကျမ်းရင်းအစဉ်ကို မငဲ့ဘဲ လင်္ကာဖြစ်၍ ကာရန်ရသည် အားလျော်စွာ စရဏ ၁၅-ပါးသရုပ်ပြည့်စုံမျှ စီကုံးထားသည်။

ဝိဇ္ဇာရှစ်ပါးအရ ဝိ-မ-စေ-ဣ-ဒိ-ကိုထည့်ရမည်ဟူရာ၌ ပု-ဒိ-အာ-၏ ရှေ့ကထည့်ယူဘို့ ညွှန်ပြထားခြင်းဖြစ်သည်၊ ဝိ-မ-စေ-ဣ-ဒိ-ပု-ဒိ-အာ-ဟု အစဉ်အတိုင်း မှတ်ယူရန်ဖြစ်သည်၊ ရင်းအစဉ်မှာ အမ္ဗဋ္ဌသုတ်ပါဠိတော်စသည် အစဉ်နှင့်ထပ်တူပင် ဖြစ်သည်။

အထူးသတိပြုရန်မှာ ဆောင်ပုဒ်လင်္ကာကို ပဓာနပြု၍ ဟောပြရာ၌ အစဉ်မကျသော်လည်း အရေးမကြီးပါ၊ သရုပ်ပြည့်စုံခြင်းကသာ လိုရင်းဖြစ်ပါသည်၊ လင်္ကာမဟုတ်ရာ၌ မူရင်းကျမ်းအစဉ်အတိုင်း ဟောပြရန် လိုပါသည်။

အရှင်သောဘန
မဟာစည်ဆရာတော်

---

## မဟာစည် ဆောင်ပုဒ်

### ဘဝတန်ဘိုး တရားတော်

ဖြစ်ပျက်နှစ်ဖြာ၊ မမြင်ပါဘဲ၊ တရာအသက်၊
ရှည်အောင်ထက်လည်း၊ ဖြစ်ပျက်နေဟန်၊
ရုပ်နှင့်နာမ်ကို၊ အမှန်မြင်လျက်၊
ဉာဏ်စဉ်တက်၍၊ တရက်တာမျှ၊
သက်ရှည်ရသော်၊ လောကလူ့ရွာ၊
ကောင်းမြတ်သာသည်၊ မြတ်စွာဗုဒ္ဓ၊
မိန့်ခွန်းတည်း။ ။

ရ မည်း သင်း မြို့

# ဝိနည်းစာပြန်ပွဲမှာ

## ဝမ်းမြောက်ဖွယ်ရာနှင့် သတိပြုဖွယ်ရာ

**ဝိနည်းစာပြန်ပွဲကြီး ၏**

**ကမ္မကာရက နာယကဆရာတော်များအဖွဲ့**

**ရမည်းသင်းမြို့။** သို့—

ရန်ကုန်မြို့၊ သာသနာ့ရိပ်သာ

အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော် ထံမှ—

နေ့စွဲ၊ ၁၃၃၁-ခု၊ ပဌမဝါဆိုလဆန်း ၆-ရက်၊ (၂၀-၆-၁၉၆၉)။

### အနုမောဒနာနှင့် သတုပ္ပါဒနကထာ

#### အနုမောဒနာကထာ

နာယက ဆရာတော် အရှင်မြတ်တို့ ဘုရား.... ဘုရား တပည့်တော်သည် နာယက ဆရာတော် အရှင်မြတ်တို့ကကြီးမှူး၍ ရမည်းသင်းမြို့၌ ဝိနည်း စာပြန် ပွဲတော်ကြီး ကျင်းပမည်-ဟု ကြားသိရ သဖြင့် လွန်စွာပင်နှစ်ထောင်းအားရ ဝမ်းမြောက် လှပါ၏။

အကြောင်းမှာ "ဝိနယောနာမ ဗုဒ္ဓသာသနဿ အာယု၊ ဝိနယေ ဌိတေ သာသနံ ဌိတံ ဟောတိ(ဝိ-ဋ၊၁၊၁၁)ဟူသော အဋ္ဌကထာဆရာတို့၏ မိန့်ဆိုချက်နှင့်အညီ ဝိနည်းသည် ဗုဒ္ဓ သာသနာတော်၏ အသက်ဖြစ်၍၊ ဝိနည်းတရားတော် တည်တံ့နေလျှင် ဗုဒ္ဓသာသနာတော် တည်တံ့နေ မည်သာဖြစ်ပေသည်၊ ယင်းသို့ ဝိနည်းတရားတော် တည်တံ့ခြင်း သည်လည်း သိက္ခာ ကာမေသု ဌိတံ ဟူသော ပရိဝါပါဠိ (နှာ ၂)စသည် လာရှိသည် နှင့်အညီဝိနည်းအကျင့်ကိုလိုလား၍ရှိသေစွာကျင့် သောပုဂ္ဂိုလ်တို့နှင့်သာ သက်ဆိုင်ပေသည်၊ ထိုသို့ ကျင့်ခြင်းသည်လည်း ဝိနည်းပိဋကတ်တော်ကိုလေ့ လာတတ်သိပါမှသာလျှင် ဖြစ်ပေသည်၊ သို့ဖြစ်၍ ဝိနည်းကို တတ်သိအောင် လေ့လာခြင်း ဆောင် ထားခြင်းသည် ဗုဒ္ဓသာသနာတော် တည်တံ့ခြင်း ၏ အရင်းမူလ ဖြစ်ပေသည်၊ သို့ဖြစ်ရာ ဝိနည်း စာပြန်ပွဲ ကျင်းပ၍ ချီးမြှောက်ခြင်း သည်လည်း ဗုဒ္ဓသာသနာတော် တည်တံ့ရေးကို အရင်းမူလမှ စ၍ ချီးမြှောက်အားပေးခြင်း ဖြစ်ပေသည်၊ ထို့ ကြောင့် အရှင်မြတ်တို့၏ ဝိနည်း စာပြန်ပွဲကြီး ကျင်းပ၍ ချီးမြှောက်ခြင်းဖြင့် ဗုဒ္ဓသာသနာတော် ကြီးသည် တအားတက်၍ အရှည်တည်တံ့သွားပေ လိမ့်မည်-ဟု မြော်လင့်လျက် ဝမ်းမြောက်ရခြင်း ဖြစ်ပါသည်၊ အောင်မြင်စွာ ကျင်းပနိုင်ပါစေ.... ဟူ၍လည်း ဆုမွန်ကောင်းကို တောင်းလိုက်ပါ သည်။

### သတုပ္ပါဒနကထာ

အချို့သော ဝိနည်း စာပြန်ပွဲများ၌ နာယက ပုဂ္ဂိုလ်များသည်၎င်း၊ ဝိနည်းပြန်ဆိုသည့် ပုဂ္ဂိုလ်များသည်၎င်း ဝိနည်းနှင့်မညီပဲ ဆောင်ရွက်ပြုမူကြသည်ကို တွေ့ရ၍ သိက္ခာကာမ အရှင်မြတ်တို့က ဝိနည်း စာပြန်ပွဲ ကျင်းပခြင်း ရည်ရွယ်ချက်နှင့် မညီဟု ပြောဆိုသည်ကို ကြားရဘူးပါသည်၊ ထို့ကြောင့် အရှင်မြတ်တို့ ဝိနည်းစာပြန်ပွဲ၌ ထိုသို့သော အပြစ် တင်ဖွယ်များ ကင်း လွတ် အောင် ဆောင်ရွက်တော်မူကြလိမ့်မည် ဟူ၍လည်း မြော်လင့်ပါသည်။

ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု၊
ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု၊
ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု။

အရှင် သောဘန
မဟာစည်ဆရာတော်

သာသနာ့ရိပ်သာ၊အမှတ်-၁၆၊ဟာမစ်တိုတ်လမ်း၊
ကုက္ကိုင်း၊ ရန်ကုန်မြို့။

---

# မဟာစည်ဆောင်ပုဒ်

## အဆိုးဆုံးနှင့် အကောင်းဆုံးတရားတော်

ရာဂမီးအကြီးဆုံး၊ ဒေါသအပြစ် အညစ်ဆုံး၊
ခန္ဓာဆင်းရဲ အသဲဆုံး၊ ငြိမ်းအေးတာ အချမ်းသာဆုံး။
ရာဂမီး အပြီးငြိမ်းအောင်၊
ဒေါသအပြစ် မဖြစ်ပေါ်အောင်၊
ခန္ဓာဆင်းရဲ ပြတ်စဲသွားအောင်၊
ငြိမ်းအေးတာ လျင်စွာရအောင်၊
သတိထား၍ ကြိုးစားကြရမည်။

## မြန်မာပြည်ရောက် အမေရိကန် မစ်ဇိုရီပြည်နယ်သား

# မဟာစည်ယောဂီ၏အမြင်

နိုဝင်ဘာ- ၁၉၇၉-ခု။

ကျွန်တော်၏ ချစ်စွာသော မိတ်ဆွေများ ခင်ဗျား။

မြန်မာပြည်သို့ အလည်လာရောက်ရ၍ မဟာစည်သာသနာ့ရိပ်သာ ကမ္မဋ္ဌာန်းဌာနတွင် ကမ္မဋ္ဌာန်းတရားကို ကိုယ်တွေ့ပွားများရခြင်းသည် နှစ်သက်ဝမ်းမြောက်ဘွယ်တရပ် အနေဖြင့်၎င်း၊ ဂုဏ်ယူဘွယ်ရာတရပ် အနေဖြင့်၎င်း၊ အမှန်တကယ် သိမ်မွေ့နက်နဲနူးညံ့သော အတွေ့အကြုံဖြစ်ရပါတယ်။ ဤကဲ့သို့သော အခွင့်အခါမျိုးကို ကျွန်တော်ကိုယ်တိုင် အမေရိကန် တယောက် အနေဖြင့်သော်၎င်း၊ မြောက်များစွာသော အနောက်တိုင်းသားတို့ အနေဖြင့်သော်၎င်း၊ ကာလကြာမြင့်စွာကပင် မျှော်လင့်လာခဲ့သော အခွင့်အခါမျိုးဖြစ်ပါသည်။ ဤကဲ့သို့ အောင်မြင်ဖြစ်မြောက်အောင် ကြိုးပမ်းကြသော သာသနာ့ရိပ်သာတွင် ရှိကြသည့် လူတိုင်းအား ကျွန်တော် အများကြီး ချီးကျူးဂုဏ်ပြုပါသည်။

ကျွန်တော်သည် ၁၉၅၂- ခုနှစ်တွင် မွေးဖွား၍ မစ်ဇိုရီပြည်နယ် လယ်တောတွင် ကြီးထွားလာခဲ့ပါသည်။ မစ်ဇိုရီပြည်နယ် တရပ်လုံးသည် ခရစ်ယာန်များ၏ ဒေသဖြစ်ပါသည်။ ဘဝ၏ အဖြေကို ကျွန်တော် ကျေနပ်လောက်ဘွယ်ရှာမတွေ့ခဲ့ရပါ။ ကျွန်တော်၏အသက် (၁၈)နှစ် ရောက်တော့ကျွန်တော်သည် လောကီကိစ္စများနှင့် ပညာသင်ကြားရေးကို စွန့်ပစ်ထားခဲ့၍ ယောဂီတဦး အဖြစ်ဖြင့် နေထိုင်လာခဲ့ပါသည်။ ဤကာလအတွင်းမှာ ယောဂီနှင့် သက်ဆိုင်သည့် ကျင့်စဉ်များနှင့် ဟိန္ဒူအယူဝါဒဆိုင်ရာ ကျင့်စဉ်များကို ကိုယ်တွေ့လည်း ကျင့်ကြံအားထုတ်၍ သင်အံလေ့လာမှု ကိုလည်း ပြုလုပ်ခဲ့ပါသည်။ သို့သော်လဲ ကျွန်တော် လိုလားတောင့်တသော ပိုမိုလေးနက် မွန်မြတ်သည့် သင်ကြားပြသမှု နည်းစံနစ်မျိုးမဟုတ်ဟု ယူဆခဲ့ပါသဖြင့် ကျွန်တော် ကျေနပ်ခြင်းမရှိခဲ့ပါ။ ၁၉၇၃-ခုနှစ်တွင် ကျွန်တော်သည် မဟာစည်ဆရာတော်၏ တပည့်ဖြစ်သော သုဇာတ အမည်ရှိသော အမေရိကန်လူမျိုးတဦးကို တွေ့ခဲ့ရပါသည်။ သူသည် မဟာစည်ဆရာတော်၏ နည်းနာနိဿရည်းအတိုင်း မြန်မာပြည် သီဟိုဠ်ကျွန်းနှင့် အိန္ဒိယပြည်များတွင် နှစ်အနည်းငယ်ကြာမျှ ရဟန်းတပါးအဖြစ်ဖြင့် ကျင့်ကြံအားထုတ် ခဲ့ပါသည်။ ကျွန်တော်သည် သုဇာတ ရဟန်းတော်၏ ညွှန်ကြားပြသချက်အတိုင်း တနေ့လျှင် နာရီပေါင်း ၂၀-၂၂-နာရီကြာ တနင်္ဂနွေ ၁၀-ပါတ်အထိ ပြင်းပြင်းထန်ထန် ကြိုးစားအားထုတ်ခြင်းဖြင့် ပဌမဦးစွာ စတင်ခဲ့ပါသည်။ ကျင့်ကြံမှု နည်းစနစ်နှင့် ထွက်ပေါ်လာသည့် အကျိုး အမြတ်များကို အလွန်နှစ်သက်ကျေနပ်သောကြောင့် ဤလေ့ကျင့်မှုကို အခြားသော နည်းစံနစ်များထက် ပိုမိုဦးစားပေးပြီး ဆက်လက်အားထုတ်လာခဲ့ပါသည်။ ထိုကဲ့သို့ဆက်လက် ကြိုးစားသည့် နောက်ပိုင်းတွင် ကျွန်တော်သည် ခိုင်မာမြဲမြံသော ဗုဒ္ဓဘာသာဝင်တယောက် ဖြစ်လာခဲ့၍ မဟာစည်ဆရာတော်၏ တပည့်များထဲမှ နောက်ထပ်သင်ကြားမှုများ ခံယူရန် အိန္ဒိယနှင့် သီဟိုဠ်သို့ နှစ်ကြိမ်တိုင် သွားရောက်ခဲ့ပါသည်။ မည်သို့ဖြစ်စေ ကမ္ဘာပေါ်မှာ ဤသာသနာ့ရိပ်သာနှင့် နှိုင်းယှဉ်နိုင်မည့် ကမ္မဋ္ဌာန်းရိပ်သာမျိုး မည်သည့်နေရာတွင်မျှ မရှိပါ။ ထို့ကြောင့် ကျွန်တော်တို့ ရဟန်းသုံးပါးသည် ဤနေရာတွင် ကမ္မဋ္ဌာန်းဘာဝနာကို ပွားများ အားထုတ်ကြရခြင်းနှင့် စစ်မှန်သော ရဟန်းအဖြစ်သို့ ကျွန်တော်မျှော်ကိုးတောင့်တခဲ့သည့်အတိုင်း ဖြစ်မြောက်လာရခြင်းသည် ထူးမြတ်သော အခွင့်ကောင်းရရှိခြင်း တရပ်ဖြစ်ပါသည်။ ကမ္မဋ္ဌာန်းရိပ်သာသည် အာရှတိုက်

ဟိတေသီ – ၅

အတွင်း ကျွန်တော်တွေ့ခဲ့ရသမျှတွင် အသန့်ရှင်းဆုံး, အဆိတ်ငြိမ်ဆုံး, အအေးချမ်းဆုံး ဖြစ်၍ ကျွန်တော်မှာ လုံးဝကျေနပ်နှစ်သက်မှု ရရှိပါသည်။ မဟာစည် ဆရာတော်၏ ဂရုပြုမှုနှင့် အာစရိယ ဆရာတော် ဦးဇဝန၏ ညွှန်ကြားမှုအောက်တွင် ကျွန်တော်သည် ကျေနပ်မှုအပြည့်အဝဖြင့် အားထုတ် လေ့ကျင့်မှုပြုလုပ်နိုင်ခဲ့ပါသည်။

ကျွန်တော်၏ ဧည့်ခံအိမ်ရှင်များ ဖြစ်ကြသော ဟိတေသီအဖွဲ့ကြီးကို မြတ်နိုးလေးစားစွာ ထိန်းသိမ်းစောင့်ရှောက်နိုင်ကြသော အဖွဲ့သားများကို ကျွန်တော် အလွန်အမင်း အလေးအနက် ချီးကျူးပါသည်။ သူတို့သည် အလွန်ဖော်ဖော်ရွေရွေရှိကြ၍ ကူညီလိုသောဆန္ဒ အစဉ်အမြဲ ရှိနေကြပါသည်။ ယောဂီများ၏ ကောင်းကျိုးကို ဆောင်ရွက်နေကြသော ကျွန်တော့အား နေ့စဉ် ကျွေးမွေးကြသည့် အဖွဲ့ဝင် အဖွဲ့သားများသည် ကျွန်တော့အဖို့ အလွန်ရင်းနှီးတဲ့ မိသားစုကဲ့သို့ ဖြစ်ခဲ့ရပါသည်။ နေ့စဉ် ရာပေါင်း များစွာသော ယောဂီများကို ကျွေးမွေးကြရ၍ အလွန်အလုပ်များပြားသည့် အကြားမှ ကျွန်တော့အား အရေးတယူ ဂရုတစိုက် ပြုစုကြသည်ကို ကျွန်တော် ဘယ်တော့မှ မေ့ပျောက်လိမ့်မည်မဟုတ်ပါ။ ဗုဒ္ဓမြတ်စွာ၏ အဆုံးအမဖြင့် အေးငြိမ်းရာအမှန် မြတ်နိဗ္ဗာန်အကျိုးငှါ ကြိုးစားအားထုတ် နေကြသော ယောဂီများနှင့် ကျွန်တော် ကုသိုလ်ကောင်းမှု အကျိုးကို ဆုံစည်းပါဝင်နိုင်ရန် ကျွန်တော်သည် ဝမ်းမြောက်စွာဖြင့် အလှူဒါနကို ပြုလုပ်အပ်ပါသည်။ ကမ္ဘာတဝှမ်းလုံးမှလူများနှင့် မြန်မာပြည်တွင်းမှ လူများသည် များသည်ထက်များပြားစွာတို့သည် ကျွန်တော်ရောက်ရှိပြီး ကိုယ်တိုင်ခံစားရသကဲ့သို့ ဤနေရာဤဌာနသို့ ရောက်ရှိကြပြီး ဤကြီးကျယ် မြင့်မြတ်သော အခွင့်ကောင်း အခါကောင်းကြီးကို လက်မလွတ်တမ်း ကြုံတွေ့ခံယူ ကြလိမ့်မည်ဟု ကျွန်တော် မြော်လင့်ပါသည်။

အားလုံးတို့အား ကြင်နာမှုဖြင့်
လေးစားပါ၏။
ဂရက်(ဂ်)ဂဲလ်ဘရီ(သ်)

---

**မဟာစည် ဆောင်ပုဒ်**

# သြဝါဒ တရားတော်

ပေါ်တိုင်းမပြတ်, ရှုမှတ်နေလျှင်၊ ရုပ်နာမ်နှစ်မျိုး,ကြောင်းကျိုးသိမြင်၊

မမြဲဆင်းရဲ, ဉာဏ်ထဲပေါ်လွှင်၊ အနတ္တ, သိရ နိဗ္ဗာန်ဝင်။

Nov. 1979

My dear friends

It's been a pleasure, an honor and certainly a profound experience to visit Burma and practice meditation at the Mahasi Thathana Yeiktha Meditation Center. It has been an opportunity that myself, an American, and many other westerners have long hoped for. I deeply appreciate the efforts of everyone at Thathana Yeiktha who made it possible.

Born in 1952, I was raised in the farmlands of the state of Missouri. Although Missouri is entirely a Christian region, I did not find the answers to life that satisfied me in the various Christian religions. By the time I reached 18 years of age I left wordly pursuits and education to practice and live as a yogi. During that time I practiced and studied aspects of Yoga and Hinduism but I felt that the methods did not satisfy my need for a deeper type of teaching. In 1973 I met an American student of Mahasi Sayadaw named Sujata. He had spent a few years in Burma, Ceylon and India as a monk practicing the method taught by the Mahasi Sayadaw. I began my first intensive course of 20-22 hours a day for 10 weeks under the guidance of Sujata. I was very pleased with the method and results and have continued to practice it only in preference to any other methods of meditation. After that retreat I became a confirmed Buddhist and have made two journeys to India & Ceylon to recieve further teaching from disciples of the Mahasi Sayadaw. There is, however, no meditation center anywhere in the world comparible to Thathana Yeiktha. So it was a golden opportunity and a dream come true to become a monk and practice meditation there for three months. I was completely satisfied with the center - the cleanest and most peaceful I've ever seen in Asia. Under the care of Mahasi Sayadaw and the guidance of my Achariya Ven. U Jowana I found deep satifaction with my practice.

I have a very deep appreciation for the devoted staff of the Buddhist Association who maintains the center and acted as my host. They are very friendly and always eager to help. The members of the Society for the Welfare of Yogis which fed me daily is like a close family to me. I will never forget their personal concern and care despite the enorous work they perform, feeding hundreds of yogis daily. I will also share in their work and merit now by happily offering dana for the yogis who are striving so diligently to find for themselves the great peace promised by the Buddha. I hope more & more people in Burma and from all over the world have the great fortune to come and see for themselves even as I have done myself. Kind regards to all

Gregg Galbraith

ရန်ကုန်မြို့၊ သာသနာ့ရိပ်သာ အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးတော်ရှင်
မဟာစည်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော

# အိမ်တက် မင်္ဂလာ တရားတော်

**ဟောကြားရာဌာန။** ။ဦးဖိုးထောင်- ဒေါ်စီ သား ရဝေထွန်း ရွှေနှင်းဆီကိတ်မုန့်တိုက် မဂ္ဂစ်လမ်း၊ တာမွေ ရန်ကုန်မြို့။

## ဆုပေး

ရတနာသုံးပါး ဆရာသမားတို့အား ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျော့ ကန်တော့ကြရသော ပဏာမ ကုသိုလ်ကံ စေတနာတို့ကြောင့် ဘေးရန်အန္တရာယ်ခပ်သိမ်း ကင်းငြိမ်းကြသည်ဖြစ်၍၊ အသက်ရှည်ခြင်း၊ အနာကင်းခြင်း၊ ကျန်းမာခြင်း ချမ်းသာများခြင်း အစရှိသော အလိုရှိအပ်တော်တအပ်သော လောကီ လော်ကုတ္တရာ ကောင်းကျိုးချမ်းသာ မင်္ဂလာ အပေါင်းတို့နှင့် ပြည့်စုံကြပါစေ........။

အဟံ ဘန္တေ မှစ၍-ရှစ်ပါးသီလပေးသည်။

သမန္တာမှစ၍ ပရိတ်တရား ဟောကြားတော်မူသည်။

## လောကီ မင်္ဂလာ

ဦးဖိုးထောင်-ဒေါ်စီတို့၏ အိမ်သစ်တက် မင်္ဂလာ အလှူဒါနကို ကနေ့ကျင်းပတယ်၊ မင်္ဂလာ ဆိုတာ မကောင်းတာ ဟူသမျှကို ပယ်ဖျောက် ပြီးတော့ ကောင်းကျိုးချမ်းသာကို ရောက်စေတတ်တဲ့အဓိပ္ပါယ် ရှိတယ်၊ မင်္ဂလာ အမှုကိစ္စ ဆိုတာတွေ များဟာ မကောင်းတာတွေ အလိုမရှိတာတွေ ပယ်ဖျောက်ပြီး ကောင်းကျိုးချမ်းသာတွေရောက်ရန် ရည်ရွယ်ပြီးပြုတဲ့ အမှုတွေပဲ၊ အဲ မင်္ဂလာဆိုတာ လူမျိုးတိုင်း လူမျိုးတိုင်းမှာ ရှိတယ်၊ အရပ်တိုင်း အရပ်တိုင်းမှာရှိတယ်၊ တောကြို တောကြား က လူတွေ မှာလဲ အရပ်ဒေသအလိုက်ရှိတာပဲ၊ ဘယ်လို မလုပ်ကောင်းဘူး၊ ဘယ်လိုလုပ်ရင်ဖြင့် ကောင်းတယ် စသည်ဖြင့် စွဲလမ်းတာတွေဟာ မင်္ဂလာပဲ၊ ထမင်းအိုး ဟင်းအိုးထားတာကစလို့ ဘယ်လို မထားရဘူး၊ ဘယ်လို မလုပ်ရ ဘူး၊ အိမ် ဆောက် လို့ ရှိယင်ဖြင့် ဝါးလုံးကို ဘယ်လို မဆက်ရဘူး စသည်ဖြင့် ဒီဟာလေးတွေရှိပါတယ်၊ နေ့ကောင်း ရက်သာရွေးတာလေးတွေ ရှိပါတယ်၊ အဲဒီလို ရက်ကောင်းရွေးတာလဲ မင်္ဂလာပဲ၊ မင်္ဂလာကို လူတိုင်း လူတိုင်းက ကြိုက်ကြတယ်၊ လုပ်လဲ လုပ်သင့်တဲ့ ဥစ္စာပါပဲ၊ မင်္ဂလာဆိုတာ အရေးကြီးတယ်၊ မကောင်းတဲ့အရာ ဆင်းရဲတွေ ပျောက်သွားအောင် မင်္ဂလာကွေဟာ လောကအလိုက် အများက ကောင်းတယ်လို့ အသိအမှတ်ပြုထားတဲ့ ကိစ္စတွေဟာ လောကီမင်္ဂလာတွေပါပဲ။

အဲဒီ လောကီမင်္ဂလာတွေကတော့ အကျိုးပေးတာလဲ ရှိတယ်၊ အကျိုးမပေးတာလဲ ရှိတယ်၊ဒါဖြေမယ်လို့ အောက်ထစ်ဆုံးအကျိုးကိုတော့ ပေးတယ်လို့ဘဲ ဆိုရမှာပေါ့၊ ဘယ်လိုလဲဆိုတော့ မင်္ဂလာမှု ပြုလိုက်တယ်ဆိုယင် ဘေးအန္တရာယ်ကင်းပြီး ပြီလို့ နှလုံးသွင်းပြီး စိတ်ထဲမှာ အေးချမ်းသွားတယ်၊ အဲဒါ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ စိတ်ထဲ အေးချမ်းတဲ့ အကျိုးကတော့ ရတာဘဲ၊ တကယ်လဲ အကျိုးရတတ်ပါတယ်၊ လောကီမင်္ဂလာတွေ ပြုတဲ့အတွက် ကောင်းကျိုးတွေရတာလဲ အများကြီးရှိပါတယ်၊ ဒါကြောင့် လောကီမင်္ဂလာတွေလဲ ပြုသင့်တဲ့ မင်္ဂလာတွေ ပါပဲ၊ ဒါပေမဲ့ လောကီ မင်္ဂလာတွေက အကျိုးပေးနဲ့တယ်၊ အကျိုးမကြီးဘူး။

## ဘုရားဟော မင်္ဂလာ

တရားနှင့်ပတ်သက်တဲ့ မင်္ဂလာက အကျိုးကြီးတယ်၊ ခုတင်က သံဃာတော်တွေ ရွတ်ဖတ်သွားတဲ့ မင်္ဂလသုတ်ထဲမှ မင်္ဂလာတရားတော်တွေ(၃၈)ကျိုးပါတယ်၊ အဲဒီ (၃၈) ကျိုးသော မင်္ဂလာတွေကတော့ တရားမင်္ဂလာတွေလဲပါတယ်၊လောကီမင်္ဂလာတွေလဲပါတယ်၊ အစုံပါပဲ၊ အဲဒီထဲမှာ တရား မင်္ဂလာတွေကတော့ အင်မတန်ကောင်းတဲ့မင်္ဂလာတွေပါပဲ၊ အဲဒီမင်္ဂလာတွေ ပြုကျင့်ခြင်း အားဖြင့် မျက်မှောက်ဘဝမှာလဲ ဘေးအန္တရာယ်တွေ ကင်းပြီး ကောင်းကျိုး ချမ်းသာတွေ ရနိုင်တယ်၊ နောင် သံသရာဘဝတွေမှာလဲ မိမိတို့ အလိုရှိအပ်တဲ့ လူ့ပြည်ရောက်လျှင် လူ့ချမ်းသာတွေ၊ နတ်ပြည်ရောက်လျှင် နတ်ချမ်းသာတွေ ရပြီးတော့ အဲဒီလို ကောင်းကျိုး ချမ်းသာတွေကို ခံစားသွားရတယ်၊ဒါကြောင့်မို့ တရားမင်္ဂလာကို ပြုရတယ်။

## အိမ်သစ် မင်္ဂလာဒါန

ဒီကနေ့ အိမ်သစ်မင်္ဂလာအနေနှင့် ရဟန်း သံဃာတော်တွေပင့်ပြီး မွန်မြတ်သော ခဲဘွယ်ဘောဇဉ်တွေကို လှူဒါန်းတယ်၊ ပရိတ်တရားတွေ နာတယ်၊ ဒါတွေဟာ တရား မင်္ဂလာတွေပါ၊ အင်မတန် ကောင်းတယ်၊ မျက်မှောက်မှာလဲ ကောင်းကျိုးချမ်းသာကို ဖြစ်စေနိုင်တယ်၊ နောင် သံသရာ ဘဝများမှာလဲ လူ့ချမ်းသာ နတ်ချမ်းသာတွေ ရပြီးတော့ သွားနိုင်တယ်၊ အလိုရှိမယ်ဆိုယင် ဆင်းရဲ ခပ်သိမ်း ငြိမ်းတဲ့ နိဗ္ဗာန်ကိုလဲ ရောက်သွား နိုင်သေးတယ်၊ အင်မတန်ကောင်းတဲ့ တရားမင်္ဂလာပဲ၊ အဲဒါကြောင့် မြတ်စွာဘုရားက ဒီလို တရားမင်္ဂလာတွေ အကျိုးကြီးတဲ့ အကြောင်း ပြုသင့် ပြုထိုက်တဲ့အကြောင်း ဟောထားတယ်။

## မြို့တော်ဝန်ပင့်တဲ့ မြို့သစ်မင်္ဂလာတရားပွဲ

၁။ ယသ္မိံ ပဒေသ ကပ္ပေတိ၊
ဝါသံ ပဏ္ဍိတဇာတိယော။
သီလဝန္တေတ္ထ ဘောဇေတွာ၊
သညတေ ဗြဟ္မစာရယော။
၂။ ယာ တတ္ထ ဒေဝတာ အာသုံ၊
တာသံ ဒက္ခိဏမာဒိသေ။
တာ ပူဇိတာ ပူဇယန္တိ၊
မာနိတာ မာနယန္တိ နံ။
၃။ တတော နံ အနုကမ္ပန္တိ၊
မာတာ ပုတ္တံဝ ဩရသံ။
ဒေဝတာ နုကမ္ပိတော ပေါသော၊
သဒါ ဘဒြာနိ ပဿတိ။ (ဒီ၊၂၊၇၅)

တချိန်တုန်းက ပါဋလိပုတ်ဆိုတဲ့ မြို့နေရာ တည်ထောင်စဉ်ကာလက အဲဒီမြို့ တည်ထောင်ရေးဝန်ကြီးတွေ၊ အမတ်ကြီးတွေက မြတ်စွာဘုရားကို ပင့်ပြီး ဆွမ်းကျွေးလို့ ဒီတရား ဟောခဲ့ပါတယ်၊ မြတ်စွာဘုရားကိုယ်တော်တိုင် ဟောထားတဲ့ အနုမောဒနာတရားပါဘဲ။

ပဏ္ဍိတဇာတိယော၊ အမျှော်အမြင် ဉာဏ်ပညာနှင့်ပြည့်စုံသော အမျိုးကောင်းသား အမျိုးကောင်းသမီးသည်။ ယသ္မိံပဒေသေ၊ အကြင်အရပ်၌။ ဝါသံ၊ နေခြင်းကို။ ဝါ၊ နေထိုင်ရာအိမ်ကို။ ကပ္ပေသိ၊ ပြု၏။ ဧတ္ထ၊ ဤအိမ်၌။ ဝါ၊ အိမ်သစ် နေရာသစ်၌။ သီလဝန္တေ၊ သီလနှင့်ပြည့်စုံကုန်သော။ သညတေ၊ ကိုယ်နှုတ်နှလုံး စောင့်သုံးကုန်သော။ ဗြဟ္မစာရယော၊ မြတ်သောအကျင့်ကို ကျင့်သုံးသော ပုဂ္ဂိုလ်တို့ကို။ ဘောဇေတွာ၊ ကျွေးမွေးလှူဒါန်းပြီး၍။ (အိမ်သစ် နေရာသစ် မြို့သစ် ဆောက်လုပ်ပြီးတော့ နေတဲ့ အခါကာလ၊ အဲဒီ အိမ်သစ် နေရာသစ် မြို့သစ် ဌာနအသစ်တွေမှာ တရားနှင့်စပ်တဲ့ မင်္ဂလာပြုရမယ်တဲ့၊ ဘယ်လို မင်္ဂလာလဲဆိုတော့ ကျွေးမွေးလှူဒါန်းတဲ့ မင်္ဂလာပါပဲ၊ ဒါနဥ္စ၊ စွန့်ကြဲ ပေးကမ်းခြင်းငှင်း။ ပူဇနိယာနံ၊ ပူဇော်ထိုက်သော ပုဂ္ဂိုလ်တို့ကို။ ပူဇာစ၊ ပူဇော်ခြင်းငှင်း။ ပူဇော်ထိုက်တဲ့ပုဂ္ဂိုလ်တို့ကို ပူဇော်တဲ့ မင်္ဂလာ၊ စွန့်ကြဲပေးကမ်းကဲ့မင်္ဂလာ၊ အဲဒီ မင်္ဂလာတွေ ပြုရမယ်တဲ့၊ ဘယ်လို ပုဂ္ဂိုလ်တွေ လှူဒါန်းရမှာလဲ ဆိုတော့ သီလနှင့်ပြည့်စုံတဲ့ပုဂ္ဂိုလ်တွေ လှူဒါန်းရမယ် အောက်ထစ်ဆုံး ငါးပါးသီလ ပြည့်စုံရမယ်၊ သီလ မရှိတဲ့ပုဂ္ဂိုလ်တွေ လှူဒါန်းယင် အကျိုး မရှိဘူးလား လို့ မေးစရာရှိတယ်၊ ရှိပါတယ်၊ ဒါပေမဲ့ အကျိုး မများဘူး၊ သစ်ပင်စိုက်တဲ့အခါ မြေညံ့မှာစိုက်လျှင်လဲ အပင်တော့ ဖြစ်တန်သမျှ ဖြစ်တာပါပဲ၊ ဒါပေမဲ့ အသီးအနှံ ကောင်းကောင်းမရဘူး၊ မြေကောင်းမှာ စိုက်လို့ရှိယင် အသီးအနှံတွေကို ကောင်းကောင်း ရတယ်၊ အဲဒါလိုပဲ သီလနှင့်မပြည့်စုံတဲ့ပုဂ္ဂိုလ် လှူဒါန်းယင် အကျိုးတော့ ရှိတန်သလောက် ရှိတယ်၊ ဒါပေမဲ့

လို့ မမျှားဘူး၊ နဲ့တယ်၊ သီလနှင့်ပြည့်စုံတဲ့ပုဂ္ဂိုလ်-လူပုဂ္ဂိုလ်ဖြစ်ဖြစ်၊သီလနှင့်ပြည့်စုံတဲ့ရဟန်းဖြစ်ဖြစ်၊သံဃာတော်တွေ ရဟန်းတော်တွေ ဒါတွေကတော့ သီလနှင့်ပြည့်စုံတာတွေပဲ၊ ရဟန်းတော်များဟာ အကောင်းပဲ သံဃာတော်တွေဆိုတော့ အထူးပြောစရာမလိုဘူး၊ သီလနှင့်ပြည့်စုံရဲ့ပဲလား ဆိုတော့) သညတော၊ ကိုယ်နှုတ်နှလုံးစောင့်သုံးကြကုန်သော။ (သီလနှင့် ပြည့်စုံယင်ကိုယ်နှင့်နှုတ်စောင့်မှုကတော့ ပြည့်စုံနေတာပါပဲ၊စိတ်ကို စောင့်ထိန်းဖို့ကသာ အရေးကြီးတယ်၊ ဒါကြောင့်စိတ်ကိုလဲ စောင့်စည်းရမယ်တဲ့၊ စိတ်ထဲက မတော်မသင့်တာတွေ စိတ်ကူးမနေတဲ့ပုဂ္ဂိုလ်၊ အဲဒီ စိတ်ကူးမျိုး လက်မခံတဲ့ ပုဂ္ဂိုလ် စိတ် စောင့်စည်းနေတဲ့ပုဂ္ဂိုလ်ပဲ၊ တရားအားထုတ်နေတဲ့ပုဂ္ဂိုလ်တွေဟာ စိတ်ကူးတွေ အမြဲတမ်း ရှုမှတ်ပြီးတော့ ပယ်နေရတယ်၊ အလွန်စင်ကြယ်ဘယ်၊ ဒကာကြီး ဦးဖိုးထောင်လဲ နဲနဲတော့တရားအားထုတ်လိုက်ရသေးတာပဲ၊ စိတ်ကူးတွေရှိတယ်မဟုတ်လား၊ အဲဒီစိတ်ကူးတွေ ရှုမှတ်ပြီး ပယ်ရတယ်)။

သညတော၊ ကိုယ်နှုတ်နှလုံး စောင့်သုံးကုန်သော။ ဗြဟ္မစာရယော၊ မြတ်သောအကျင့်ကို ကျင့်သုံးသောပုဂ္ဂိုလ်တို့ကို။ ဘောဇေတွာ၊ ကျွေးမွေးလှူဒါန်းပြီး၍။ (မြတ်သောအကျင့်ဆိုတာ သာသနဗြဟ္မစရိယ မဂ္ဂဗြဟ္မစရိယလို့ နှစ်မျိုးရှိတယ်၊ မဂ္ဂဗြဟ္မစရိယဆိုတာမဂ္ဂင်နှစ်ပါးပဲ၊ အဲဒါက အရိယမဂ်ထဲမှာ အတွင်းဝင်တဲ့မဂ္ဂင်တွေပါပဲ၊ သာသနဗြဟ္မစရိယ ဆိုတာကတော့ သာသနာတွင်းမှာ ပြုသင့် ပြုထိုက်တဲ့ သီလ သမာဓိ သိက္ခာ သုံးပါး အကုန်လုံးပဲ၊ အဲဒီ အကျင့်တွေ ကျင့်တဲ့ရဟန်းတော်တွေဆိုယင် မိမိဆိုင်ရာ သီလအကျင့်တွေ ကျင့်နေကြရတယ်၊ သမာဓိပညာအကျင့်ဆိုတဲ့ မြတ်သောအကျင့်တွေ ကျင့်နေတာပဲ၊လူပုဂ္ဂိုလ်တွေမှာလဲ မိမိတို့ဆိုင်ရာ သီလတွေကျင့်ရတယ်၊ သမာဓိဘာဝနာ၊ ပညာဘာဝနာလဲ တရားကိုတော့ ပွားများနေရတယ်၊ မြတ်သောအကျင့်ကို ကျင့်နေကြတာတွေပါပဲ၊ အဲဒီ မြတ်သောအကျင့်ကို ကျင့်နေကြတဲ့ပုဂ္ဂိုလ်တွေလို့ ဆိုရတဲ့ ပုဂ္ဂိုလ်တွေကို မိမိတို့ စွမ်းနိုင်သမျှ လှူဒါန်း ကျွေးမွေးခြင်းကို ပြုရမည်တဲ့၊ အဲဒါဒါနမင်္ဂလာပါပဲ၊ အဲ လှူဒါန်းကျွေးမွေးရုံတွင် မကသေးဘူး။

ပရိတ်တရားတော် ရွတ်တဲ့ သံဃာတော်မြတ်တွေကို တပါး တပါးလျှင် ဝတ္ထုငွေ(၁၀)ကျပ်စီတဲ့၊ တရားပူဇော်သောအားဖြင့် (၅၀)ကျပ်တဲ့၊ ဒါတွေကအပိုတွေပေါ့၊ ဆွမ်းကျွေးပြီးတာနဲ့လဲ ပြီးနေတာပါပဲ၊ အဲဒီ(၁၀)စီသော ဝတ္ထုငွေတို့နှင့် (၅၀)သောဝတ္ထုငွေတို့မှ ဖြစ်ပေါ်လတံ့သော ရဟန်းတော်တို့မှာအပ်စပ်တဲ့ ရဟန်းတော်တို့မှာ သုံးဆောင်ကောင်းတဲ့သင်္ကန်း အစရှိသော ပစ္စည်းတွေကို လှူဒါန်းတယ်လို့အာရုံပြုရမယ်၊ သင်္ကန်းလိုချင်ယင်လဲ ရမယ်၊ ခရီးသွားချင်လို့ရှိယင်လဲ ယာဉ်ရထားတို့ ဖိနပ်တို့ ဆိုတာလဲ ရနိုင်တာပဲ၊ ဒီပြင် ရဟန်းတော်များ ကိုင်ဆောင်ကောင်းတဲ့ သင်္ကန်းအစရှိသော ပစ္စည်းတွေကို(၁၀)ဘန်စီ (၅၀) တန်ပစ္စည်းတို့ကို လှူဒါန်းသည်ဟုဘောဇေတွာ၊ ကျွေးမွေးရုံတွင်မကဘူး၊ လှူဒါန်းဆဲလှူဒါန်းသေးသည်။ ဒါ စွန့်ကြဲ ပေးကမ်း လှူဒါန်းခြင်းဆိုတဲ့ မင်္ဂလာ၊ ယောဂီပုဂ္ဂိုလ်တွေ ပင့်ဖိတ် ကျွေးမွေးတဲ့ ဒါန မင်္ဂလာပါပဲ၊ အရပ်ထဲက မိတ်ဆွေတွေကျွေးမွေးတဲ့ ဒါန မင်္ဂလာပါပဲ။ ပူဇနိယာနံ ပူဇော်ထိုက်သော ပုဂ္ဂိုလ်တို့အား။ ပူဇော်ခြင်းဆိုတာ ပူဇော်ထိုက်သော ရဟန်းတော်တွေကို ဆွမ်းကျွေးပြီးတော့လဲ ပူဇော်တယ်၊ (၁၀)တန်စီနှင့် (၅၀)တန်သောဝတ္ထုငွေတို့မှ ဖြစ်ပေါ်လတံ့သော ရဟန်းတော်တို့အား အပ်စပ်သော ပစ္စည်းတို့ဖြင့်လဲ ပူဇော်သည်တဲ့။

## နတ်တွေရှိတယ်

ဘောဇေတွာ၊ ကျွေးမွေးလှူဒါန်းပြီး၍။(ယာတတ္ထ ဒေဝတာ အာသုံ) တတ္ထ၊ ထိုနေရာသစ်၌။ ယာဒေ-ဝတာ၊ အကြင် နတ်တို့သည်။ အာသုံ၊ ရှိကုန်၏။ နတ်တွေဆိုတာ ရှိတယ်၊ သူတို့ကိုယ်က ရုပ်တွေက အင်မတန် သိမ်မွေ့နေလို့ လူတွေက မမြင်ရဘူး၊ အဲဒီလို နတ်တွေက အရပ်တိုင်းမှာ ရှိတယ်၊ မြို့တွေ တောကွေ တောင်တွေမှာလဲ ရှိနေတယ်၊ သူတို့က နေရာတကာမှာ ရှိနေတာပဲ၊ ကောင်းကင်ထဲမှာလဲ ရှိနေတာပဲ၊ နတ်တွေ ပြည့်နေတယ်၊ ဒါပေမယ်လို့ ခုတော့ အိမ်တည်ရာဌာန ရပ်ကွက်ဆိုင်ရာ ဒေသဌာနက နတ်တွေကို ပြောပါတယ်။ တာသံ၊ ထိုနယ်တို့အား။ ဒက္ခိဏံ၊ မြတ်သောအလှူကို။ အာဒိသေ၊ ရည်ညွှန်း၍ ပေးဝေရာ၏။ အဲဒီနတ်တွေကို တမင့်

ရည်စူးပြီးတော့ ပေးဝေရမယ်၊ ဒီနေ့ သံဃာတော်တွေကို မွန်မြတ်သော ဆွမ်း ခဲဘွယ် ဘောဇဉ်တို့ဖြင့် လှူဒါန်း ဆက်ကပ်တယ်၊ ယောဂီ ပုဂ္ဂိုလ်တို့ကို ကျွေးမွေးတယ်၊ (၁၀၀)တန်သော စက္ကူငွေ (၅၀) တန်သော ဝတ္ထုငွေ တို့ကို လှူဒါန်းတယ်၊ တရားတော်တွေကို နာတယ်။

### အမျှဝေက အကျိုးရ

ဒီကုသိုလ်ကောင်းမှုတွေကို အိမ်စောင့်နတ်တွေအား အမျှပေးဝေရမယ်၊ အဲဒီလို အမျှပေးဝေ လိုက်တော့ မိမိမှာ လျော့သွားသလား ဆိုတော့ မလျော့ပါဘူး၊ ပေးဝေလိုက်တဲ့ ကုသိုလ်တောင် ထပ်ပြီးတိုးလာသေးတယ်၊ အဲဒီလို အမျှပေးဝေ ခြင်းဖြင့် နတ်တွေကို စည်းစိမ်ဖြင့် ပူဇော်သည် မည်တယ်။ လူ့လောကမှာ ကုသိုလ်ကောင်းမှု အမျှပေးဝေ လိုက်လို့ ချက်ချင်း အကျိုးပေးတာကတော့ ထင်ထင် ရှားရှား မတွေ့ရဘူး၊ နတ်ပြည်လောကမှာတော့ ကုသိုလ်ကောင်းမှု ပြုပြီး အမျှပေးဝေလိုက်လို့ရှိယင် ချက်ချင်း အကျိုးရတယ်။ ဒီက ရေလှူယင် ရေရတယ်၊ ဆွမ်းလှူယင် ဆွမ်းရတယ်။ တစုံတခုသော ဝတ္ထုပစ္စည်းတွေ လှူပြီး အမျှပေးဝေ လိုက်လို့ရှိယင် အလားတူ အကျိုးတွေရတယ်။ အဲဒီလို သာဓုခေါ်ပြီးရတဲ့ အကျိုး တွေဟာ အလှူရှင်က, ကောင်းမှုရှင်က အမျှပေးဝေလို့ရတာ ဖြစ်တဲ့အတွက် အလှူရှင်က နတ်စည်းစိမ် တွေကို ယူတော့လို့ ပေးလိုက် သလိုပဲ၊ နတ်တင် ကြတယ် ဆိုတာကတော့ သူတို့ ပြောပလောက်အောင် ရစေနိုင်တာ မဟုတ်ပါဘူး။ ကုသိုလ်ကောင်းမှုပြုပြီး အမျှပေးဝေတယ် ဆိုတာ ကတော့ သူတို့အား အကြီးအကျယ် အကျိုးရစေတယ်။

### နတ်တွေကလဲ ကျေးဇူးတုန့်ပြန်တယ်

ဒီလို အကြီး အကျယ် အကျိုးရတဲ့အတွက် ကျေးဇူးတင် ကြတယ်၊ (တာပူဇိတာ ပူဇယန္တိ)တာ၊ ထိုနတ်တို့သည်။ ပူဇိတာ၊ အမျှဝေသောအားဖြင့်, နတ်စည်းစိမ်ဖြင့် ပူဇော်ခံရကုန်သည် ဖြစ်၍။ အမျှဝေတာနှင့် နတ်စည်းစိမ်တွေ တိုးတက်ပြီး ရသွားတော့ ချီးမြှောက်ရာ, ပူဇော်ရာရောက်သည်။ ဒါကြောင့် ပူဇိတာ၊ အပူဇော်ခံရသည်ဖြစ်၍။ နံ၊ ထိုပူဇော်သောသူကို ကုသိုလ်ပြု၍ အမျှပေးဝေသောကောင်းမှုရှင်ကို။ပူဇယန္တိ၊တုန့်ပြန်၍ပူဇော်ကြကုန်၏။ နံ၊ ထိုကောင်းမှုကို။ မာနယန္တိ၊ တုန့်ပြန် မြတ်နိုးကြကုန်၏။ ဒီလူ့လောကမှာ ကျွေးမွေးတယ်,ပေးကမ်းတယ် ဆိုလို့ ရှိယင် အပေးခံရတဲ့ ပုဂ္ဂိုလ်က ကျေးဇူးတင်တာပဲ၊ ဝမ်းမြောက်ဝမ်းသာ ဖြစ်တာပဲ၊ လူက ကျေးဇူး တင်သလို, နတ်တွေကလဲ ကျေးဇူးတင်တော့တာပါပဲ။ လူ့အချင်းချင်း ပေးတယ်ဆိုတာ ဒီလောက် မပေးနိုင်ပါဘူး၊ နည်းနည်းပါးပါးပဲ ပေးလှူနိုင်ပါတယ်။ လူက ကောင်းမှုပြုပြီး အမျှပေးဝေလိုက်လို့ ရှိယင် ဒီက ပေးတာကသာ မများတာ၊ ဒီက တဆယ် ဘိုးလောက်, တရာ ဘိုးလောက်, တထောင်ဘိုးလောက် ပေးလှူတယ် ဆိုပါတော့၊ ဒါပေမဲ့ သူတို့မှာ ရသွားတာက တဆယ်ဘိုး, တရာဘိုး, တထောင်ဘိုး မကဘူး၊ သိန်းနှင့် သန်းနှင့် ကုဋေနှင့်ချီပြီး မရေမတွက်နိုင်တဲ့ အများကြီး အကျိုးတွေရတယ်။ ကုသိုလ်ကောင်းမှု စေတနာ ထက်သန်လျှင် ထက်သန်သလောက် အကျိုးပေးက ကြီးကျယ်တယ်။ ဒါကြောင့် အဲဒီနတ်တွေက နတ်စည်းစိမ်ဖြင့် ပူဇော်ပြီး မြတ်နိုးခံရလို့တဲ့၊ ကုသိုလ် ကောင်းမှုရှင်ကို သူတို့ကလဲ ပြန်ပြီး မြတ်နိုးကြ, ပူဇော်လို ကြတယ်။ ပူဇော်လို ကြတော့ ဘာလုပ် ကြသလဲ ဆိုတော့- (တတောနံ အနုကမ္ပန္တိ မာတာ ပုတ္တံဝ ဩရသံ) တတော၊ ထိုသို့ မြတ်နိုး ပူဇော်ခြင်းကြောင့်။ တာ၊ ထိုနတ်တို့သည်။ နံ၊ ထိုကောင်းမှုရှင်ကို။ အနုကမ္ပန္တိ၊ အစဉ် စောင့်ရှောက် ကြကုန်၏။ အဲဒီအမျှပေးဝေတဲ့ ပုဂ္ဂိုလ်ကို အမြဲ ဂရုစိုက် စောင့်ရှောက် ကြတယ်။ ဘယ်လိုလဲ ဆိုတော့- (မာတာ ပုတ္တံဝ ဩရသံ) မာတာ၊ အမိသည်။ ဩရသံ၊ ရင်၌ ကြီးပွားသော။ ပုတ္တံ၊ သားကို။ အနုကမ္ပန္တိဣဝ၊ အစဉ်သနား စောင့်ရှောက် သကဲ့သို့တည်း။ အမေနှင့် အဖေဟာ သားသမီးကို ချစ်ကြတာချည်းပဲ၊ ဒါပေမဲ့ အမေက ပိုချစ်တယ်၊ ပိုဂရုစိုက်တယ်။ သားသမီးတွေကလဲပဲ အမေနှင့် အဖေ ၂-ဦးထဲမှာ အမေ့ကို ပိုပြီး ချစ်တာများတယ်၊သူက ပိုပြီးဂရုစိုက်တာကိုး။အမေက ပိုကြောင့်ကျစိုက်တဲ့အတွက် ဥပမာပေးတဲ့ နေရာမှာလဲ မိခင်ဖြစ်သူက သားကို ကြည့်ရှု စောင့်ရှောက် သလိုပါပဲတဲ့။ သားကလဲ ဘယ်လိုသားလဲ ဆိုတော့ တဦးတည်းသော တယောက်တည်းသော သားတဲ့။ သားတွေ များလို့ရှိလျှင်လဲ မတတ်နိုင်ဘူး။ သိပ်မစောင့်ရှောက်နိုင်ဘူး၊ သားတယောက်ထဲဆိုယင် မိခင်ဖခင်တွေ သိပ်မြတ်နိုးကြတယ်။ သားသားလေး, သား

သားလေးနှင့် မြတ်နိုး နေ ကြ တယ်။ မျက်စိအောက်က အပျောက်မခံနိုင်လောက်အောင် မြတ်နိုးကြတယ်။ ငယ်ငယ်ကဆိုလို့ရှိယင် ဘေးရန်အန္တရာယ်ကင်းအောင် အမြဲစောင့်ရှောက် နေကြတယ်။ ကြီးပြင်းလာတဲ့ အခါမှာ ဆိုယင်လဲ စောင့်ရှောက်သေးတာပဲ။ ဘေးအန္တရာယ် ကင်းအောင် ကောင်းကျိုးချမ်းသာ ရအောင် မိခင်ဖြစ်တဲ့သူက တတ်နိုင်သမျှစောင့်ရှောက် နေသလိုပါပဲ၊ အဲဒီလိုပဲ နတ်တွေကလဲကောင်းမှုပြု အမျှပေးဝေတဲ့ ပုဂ္ဂိုလ်ကို စောင့်ရှောက်တယ်။(တတောနံ အနုကမ္ပန္တိ၊ မာတာပုတ္တံဝ ဩရသံ ဒေဝတာ နုကမ္ပိတော ပေါသော သဒါ ဘဒြာနိ ပဿတိ) ဒေဝတာ နုကမ္ပိတော၊ နတ်တို့သည် အစဉ်မပြတ် ချီးမြှောက်အပ်သော။ ပေါသော၊ပုဂ္ဂိုလ်သည်၊ ဝါ-အမျိုးကောင်းသား,အမျိုးကောင်းသမီးဖြစ်သော ပုဂ္ဂိုလ်သည်။ သဒါ၊ အခါ ခပ်သိမ်း။ ဘဒြာနိ ကောင်းကျိုး ချမ်းသာ မင်္ဂလာတို့ကို။ ပဿတိ၊ တွေ့မြင် ရလေ တော့၏။ အဲဒီလို နတ်တွေက စောင့်ရှောက်နေ၍ အိပ်လေရာရာ, စားလေရာရာ, လုပ်ကိုင်ရာရာမှာ ခလုတ်မထိ, ဆူးမငြိ ဘေးရန် အန္တရာယ်မရှိပဲနှင့် ကောင်းကျိုး ချမ်းသာတွေ ရသွား တတ်တယ်။ မိမိတို့ပြုတဲ့ ကိစ္စတွေဟာပြီးမြောက်သွားသည်တဲ့။ ဒါဟာ နတ်တွေက စောင့်ရှောက်လို့ ရတဲ့ အကျိုးပဲ။

## ကိုယ် ကုသိုလ်ကျိုး က မှ ချ ရ

နတ်တွေ စောင့်ရှောက်တဲ့အပြင် မိမိပြုတဲ့ကုသိုလ်ကောင်းမှု ကလဲ စောင့် ရှောက် တယ်။ နတ်တွေကတော့ ပုံမတော် သူတို့ကိစ္စနှင့် မအားလို့ မစောင့်ရှောက် နိုင်တဲ့အခါ ရှိဦးမှာ, သူ့ကိစ္စနှင့်သူ စားသောက် နေတဲ့အခါ, ပျော်နေတဲ့အခါ ဒီလိုအခါ ရှိဦးမှာ၊ အဲဒီလို အခါကာလ တွေမှာ လူတွေကို တကောက်ကောက် လိုက်ပြီး မစောင့်ရှောက် နိုင်ပေဘူး။ ကုသိုလ်မှု ဆိုတာကတော့ လစ်လပ် နေတယ်လို့မရှိဘူး၊ ပြုပြီးတဲ့အချိန်ကစပြီး အကြောင်းညီညွတ်တိုင်း ညီညွတ်တိုင်း ကောင်းကျိုးကို ပေးနေတာပဲ။ နေ့ဖြစ်ဖြစ်, ညဖြစ်ဖြစ်, အားတယ်လို့ မရှိပါဘူး၊ ဒီဘဝတွင်မကသေးဘူး နောက်ဘဝတွေမှာ လိုက်ပြီးတော့ အကျိုးပေးနေတာပဲ၊ဒီကနေ့ အိမ်သစ်မင်္ဂလာကို အကြောင်းပြုပြီး သံဃာတော်မြတ်တွေကို ဆွမ်းကပ် ကုသိုလ်ပြုကြတယ်၊ ယခုဘဝမှာလဲ အကြောင်းညီညွတ်တိုင်း ကောင်းကျိုးတွေ ပေးသွားမှာပဲ၊ နောင်သံသရာဘဝတွေမှာလဲ လူ့ဘဝတွေ နတ်ဘဝတွေရောက်ပြီးတော့ အကြောင်း ညီညွတ်တိုင်း ညီညွတ်တိုင်း ကောင်းကျိုးတွေကို ပေးသွားမယ်၊အဲ-ကုသိုလ်ကောင်းမှုက စောင့်ရှောက်တာ အကောင်းဆုံးပါပဲ၊ သံဃာတော်တွေကို မွန်မြတ်သော ဆွမ်းခဲဘွယ် ဘောဇဉ်တွေ ကျွေးမွေးဆက်ကပ်တယ်၊ယောဂီတွေလဲ ကျွေးမွေးတယ်၊ သံဃာတော်တွေကို တဆယ်စီသော ဝတ္ထုငွေတို့မှ ဖြစ်ပေါ်လတ့်သော ရဟန်းတော်တို့မှာ အပ်စပ်တဲ့ အသုံးအဆောင်တွေကိုလဲ လှူဒါန်းတယ်၊ ငါးဆယ်တန် ဝတ္ထုငွေတို့မှ ဖြစ်ပေါ်လတ့်သော ရဟန်းတော်တို့အား အပ်စပ်သော ဝတ္ထုပစ္စည်းဖြင့် တရားတော်ကို ပူဇော်သောအနေဖြင့် လှူဒါန်းတယ်၊ အဲဒီ ကုသိုလ်ကောင်းမှုတွေ ပွားလာတယ်၊ တရားနာရတဲ့ ကုသိုလ်လဲ ပွားလာတယ်၊ အဲဒီ ကုသိုလ်ကောင်းမှုတွေက သူတို့သက်သက်နှင့်ဘဲ ဘေးရန်အန္တရာယ်ကင်းစေပြီး အကုန်လုံး ချမ်းသာစေနိုင်ပါတယ်၊ အဲဒီကုသိုလ်ကောင်းမှုတွေကို အမျှ ပေးဝေလိုက်တဲ့အခါ နတ်တွေမှာ နတ်စည်းစိမ်တွေရလို့၊ သူတို့ကလဲ အဲဒီ နတ်စည်းစိမ်တွေ ရအောင် အမျှ ပေးဝေလိုက်တဲ့ အတွက် ကျေးဇူးတင်ပြီး စောင့်ရှောက်တယ်၊ အဲဒီလို စောင့်ရှောက်သောအားဖြင့်လဲ ကောင်းကျိုးချမ်းသာတွေကို ရနိုင်တယ်၊ ဒါကြောင့် အဲဒီလို အကျိုးများစေနိုင်တဲ့ ကုသိုလ်ကောင်းမှု မင်္ဂလာကို ပြုရပါပေပြီလို့ အာရုံပြုဘို့ပါဘဲ။

## နိဗ္ဗာန်ကိုဆုတောင်း

အဲဒီလိုအာရုံပြုတဲ့အပြင် မိမိတို့အလိုရှိတဲ့ ဆုကိုလဲ တောင်းနိုင်တယ်၊ လူ့ ချမ်းသာ နတ် ချမ်းသာကို တောင်းနိုင်တယ်၊ လူ့ချမ်းသာ နတ်ချမ်းသာတွေကတော့ မတောင်းဘဲလဲ ရတာပါပဲ၊ အကောင်းဆုံးကတော့ နိဗ္ဗာန်ချမ်းသာဟာ အကောင်းဆုံးပဲ၊ဒီပြင်ဟာတွေက လူ့လောကချမ်းတယ်ဆိုတာတဲ့ ခဏပဲ၊အခိုက်အတန့်လေးပဲ၊ နတ်လောက ချမ်းသာတယ် ဆိုတာလဲ ခဏပဲ၊ နိဗ္ဗာန်ဆိုတာကတော့ ပျက်စီးခြင်း မရှိဘူး၊ အခါခပ်သိမ်း အေးမြချမ်းသာသွားတယ်၊ အဲဒီ နိဗ္ဗာန်မှာ အခု လောကလို ရှာရ ဖွေရ လုပ်ကိုင်ရ ဒီလိုဟာတွေ မရှိဘူး၊ ပင်ပင်ပန်းပန်း လုပ်ရ ကိုင်ရတာလဲ မရှိ

ဘူး၊ သူများအတွက် စိတ်ဒုက္ခရောက်ရတာ့လဲ မရှိဘူး၊ ကိုယ့်အတွက်လဲ ကြောင့်ကြ မစိုက်ရဘူး၊ အမြဲတမ်း ဆင်းရဲခပ်သိမ်း ငြိမ်းပြီးတော့ အေးနေတယ်၊ အဲဒီ နိဗ္ဗာန်ကို လျင်မြန်စွာ ရောက်ရပါစေလို့ ပဓာနအားဖြင့် ဆုတောင်းပြီး ရေစက်ချရမယ်၊ ကိုင်း ရေစက်ချရအောင် ရေစက်ခွက်ကိုင်ကြ၊ ကဲ လိုက်ဆိုကြ....

### ရေစက်ချ အမျှဝေ

အရှင်ဘုရားတို့ တပည့်တော်တို့သည် အသက်ရှည်ခြင်း၊ အနာကင်းခြင်း၊ ကျန်းမာခြင်း၊ ချမ်းသာများခြင်း အစရှိသော ကောင်းကျိုးချမ်းသာ မင်္ဂလာတို့ကို ဖြစ်စေနိုင်သော ကုသိုလ်ကောင်းမှု တည်းဟူသော မင်္ဂလာကို ဤအိမ်သစ်၌ အိမ်သစ်တက်မင်္ဂလာအဖြစ်ဖြင့် ထပ်မံ၍ ဆည်းပူးခြင်း ပွားများခြင်းငှါ အလို ရှိကြပါကုန်သောကြောင့် သံဃာတော်တို့ကို ရိုသေစွာ ပင့်ဆောင်၍ မွန်မြတ်သော ဆွမ်းခဲဘွယ် ဘောဇဉ်တို့ကို သံဃာတော်အား ရိုသေစွာ ဆက်ကပ်လှူဒါန်း ကျွေးမွေးပါကုန်၏ အရှင်ဘုရား၊ ဖိတ်မန်အပ်သည်ဖြစ်၍ ကြွရောက်လာသောမိတ်ဆွေအပေါင်းတို့အားလဲ မွန်မြတ်သော စားဖွယ် သောက်ဖွယ်တို့ဖြင့် ကျွေးမွေးပါကုန်၏ အရှင်ဘုရား၊ ထိုမှတပါး သီလ အစရှိသော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူကြသော ဆယ့်ငါးပါးသော အရှင်မြတ်တို့အား (စဝိ)စီသော ဝတ္ထုငွေတို့မှ ဖြစ်ပေါ် လတ့်သော ရဟန်းတော်တို့အား အပ်စပ်သော သင်္ကန်း အစရှိသော လိုအပ်ရာရာ ပစ္စည်းတို့ကို အသီး အသီး ပိုင်းခြား၍ ရေစက်သွန်းချ၍ လှူဒါန်းပါကုန်၏ အရှင်ဘုရား၊ ငါးဆယ်သော ဝတ္ထုငွေတို့မှ ဖြစ်ပေါ်လတ့်သော ရဟန်းတော်တို့အား အပ်စပ်သော လိုရာရာ ပစ္စည်းတို့ကို တရားတော်ကို ပူဇော်သောအားဖြင့် ရေစက်သွန်းချ၍ လှူဒါန်းပါကုန်၏ အရှင်ဘုရား၊ အရှင်ဘုရားတို့သည် အရှင်မြတ်တို့၏ ကပ္ပိယကာရကထံမှ တောင်းယူ၍ လိုရာရာပစ္စည်းတို့ကို သုံးဆောင်တော်မူကြပါကုန် အရှင်ဘုရား။

ဤကောင်းမှုသည် အာသဝေါတရား လေးပါးတို့၏ ကုန်ရာ ကုန်ကြောင်းဖြစ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို ရွက်ဆောင်ပါစေသတည်း၊ ဤကောင်းမှုကြောင့် အကျွန်ုပ်တို့သည် ဘေးရန် အန္တရာယ်ဟူသမျှတို့မှ အခါခပ်သိမ်း ကင်းလွတ်ကြ၊ ဝေးကွာကြ၍ အသက်ရှည်ခြင်း၊ အနာကင်းခြင်း၊ ကျန်းမာခြင်း၊ ချမ်းသာများခြင်း အစရှိသော လိုလားတောင့်တအပ်သော လောကီ လောကုတ္တရာ ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းတို့နှင့် အခါခပ်သိမ်း ပြည့်စုံကြ၍ ဆင်းရဲခပ်သိမ်းတို့၏ ငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာမြတ်သို့ လျင်မြန်စွာ ရောက်ရ ပါလိုကုန် အရှင်ဘုရား။

ယနေ့ ယခု အကျွန်ုပ်တို့ပြုသော ဤကောင်းမှု၏ အဖို့ကို ဤ အိမ်၌ စောင့်ရှောက် ကြသော နတ်အပေါင်းတို့အား၎င်း၊ ဤရပ်ကွက်၌ စောင့်ရှောက်ကြသော နတ်အပေါင်းတို့အား၎င်း၊ ဤမြို့၌ စောင့်ရှောက်ကြသော နတ်အပေါင်းတို့အား၎င်း၊ ရှေးဦးစွာ အထူးသဖြင့် အမျှပေးဝေပါကုန်၏၊ ထိုမှတပါး အမိ အဖ ဆရာသမားတို့မှစ၍ အလုံးစုံသောသတ္တဝါအပေါင်းတို့အား၎င်း အမျှပေးဝေပါကုန်၏၊ အမျှပေးဝေပါကုန်၏၊ အမျှပေးဝေပါကုန်၏၊ အမိ အဖ ဆရာသမားတို့မှစ၍ အားလုံးသော သတ္တဝါအပေါင်းတို့သည် အမျှရကြ၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြသည် ဖြစ်ကြပါစေကုန်သတည်း။

အမျှ....အမျှ....အမျှ....ယူတော်မူကြပါကုန်လော....

(သာဓု....သာဓု....သာဓု....)

(၇-၁၁-၇၄) မဟာစည် ဆရာတော်ဘုရားကြီး စိစစ်ပြီး။

---

## မဟာစည်သောင်းမှုန်

, အကုသိုလ်များ, ရှောင်ရှားပယ်လေ၊ ကုသိုလ်တရား, ဖြစ်ပွါးစုံစေ၊
မိမိစိတ်ဓာတ်, ဆွတ်ဆွတ်ဖြူစေ၊ ဤသုံးပါး, ဘုရားဆုံးမပေ။

ဟိတေသီ – ၆

ကျောက်ပန်းတောင်းမြို့

# မဟာစည်တိုက်ခဲ့သုံးဆူတန်းရိပ်သာ

(ပါဠိပါရဂူ အရှင်ဇဋိလ)

## အနော်ရထာမင်းမြတ် ခေါ်ပညတ်

ကျောက်ပန်းတောင်းဟူသောအမည်မှာ ကြားရသူများအဖို့ သာယာ နာပျော်ဘွယ် သုတိသာသော မြို့နာမည် ဖြစ်ပါ၏၊ နာမည်ကို ကြားရရုံမျှဖြင့်လည်း အဓိပ္ပါယ်ကို အလွယ်တကူ သိနိုင်ပေသည်၊ ရှေးအခါကမူ ဤမြို့နေရာ၌ "ညောင်ဆောက်" အမည်တွင်သော ကျေးရွာကလေးသာ ရှိခဲ့လေသည်။

သက္ကရာဇ်(၃၇၉)ခုနှစ်မှာ ပုဂံပြည်ရှင် ကွမ်းထမ်းမင်းရာဇာ၏ သားကြီး "စုက္ကတေး" မင်းသားသည် အဘ၏နန်းကို လုပ်ကြံ ယူပြီးလျှင် ခမည်းတော်၏ မြောက်နန်းမိဖုရားကို မိဖုရားမြှောက်ရာ မြောက်နန်းမိဖုရား၏သားတော် အနော်ရထာ မင်းသားသည် အမျက်ထွက်သဖြင့် ပုဂံပြည်မှ တိတ်တဆိတ် ထွက်ခွာခဲ့၍ ယခု ကျောက်ပန်းတောင်းမြို့နှင့် ၂-မိုင်ခန့် အကွာအရပ်၌ စတင် ကြံစည်လေ၏၊ ထို့ကြောင့် (ရေနံချောင်း ကျောက်ပန်းတောင်း ကားလမ်းဘေးရှိ) ၎င်းရွာကို "ကြံစို့ရွာ"ဟု ခေါ်လေသည်။

မြို့၏ အရှေ့တောင် သုံးဖာလုံခန့် အကွာတွင်ရှိသော တောင်ရိုး တောင်တန်းတွင် ပုန်းအောင်းကာ လက်နက် လူသူ စုဆောင်းခဲ့သောကြောင့် ၎င်းကို "မင်းပုန်းတောင်"ဟု ခေါ်တွင်လေသည်၊ တောင်ပတ်လည်ဝိုင်းကာ သာယာလှစွာသော တောင်မြို့တွင်းခေါ် အရပ်တွင် နေထိုင်ရာမှ ပုပ္ပါးတောင်ကလာပ်၏ အနောက်ဘက် ကားလမ်း သုံးထပ်ကွေ့တွင် ဆင်ကျုံး မြင်းကျုံးနှင့်တကွ ပြင်ဆင်သင့်သည်များကို ပြင်ဆင်လျက် ပုပ္ပါးရွာ တောင်သူကြီးဦးထွေးကို အမှူးထား၍ လက်နက် လူသူ စုဆောင်းပြီးလျှင် နောင်တော် စုက္ကလေးမင်းထံ သံတမန်စေလွှတ်၍ သက္ကရာဇ်(၃၇၉)ခုနှစ်တွင် ညီနောင်နှစ်ပါး စီးချင်းတိုက်ကြရာ အနော်ရထာမင်းသားက အနိုင်ရရှိခဲ့လေသည်၊ ထိုနှစ်မှာပင် ပထမစတင်၍ လက်နက် လူသူ စုဆောင်းရာ ဤအရပ်ဒေသသို့ အမတ်ကြီးတဦးကို စေလွှတ်၍ မူလ ညောင်ဆောက်ရွာအမည်နှင့် တည်ထားသော ဤရွာကို စစ်ဆင်ရေးလုပ်စဉ်ယခင်က အဝေးမှကြည့်လျှင် ကျောက်ပန်း ကျောက်ခက်တို့ဖြင့် တင့်တယ်သော တောင်တန်းများကို တွေ့မြင်ရသဖြင့် (သေလပဗ္ဗတပုပ္ဖန္ဓ) "ကျောက်ပန်းတောင်း" (တနည်း) လှပစွာ ပန်းဆိုင်း ပန်းတောင်းများ ဆွဲထားသကဲ့သို့သော ကျောက်တောင်ထွဋ်ကို တွေ့မြင်ရသဖြင့် "ကျောက်ပန်းတောင်း" ဟူသော အမည်ဖြင့် ခေါ်တွင်ပညတ် သမုတ်စေအပ်ပြီး မြို့စားအဖြစ် ပေးအပ်ခဲ့လေသည်။

**မှတ်ချက်။** ။သေလပဗ္ဗတပုပ္ဖန္ဓ-ဟု နာမည်ပညတ်ကြောင်း သမိုင်း၌ ပါသဖြင့် ကျောက်ပန်းတောင် မှ ကျောက်ပန်းတောင်း ဖြစ်လာခြင်း က သဘာဝ ပိုကျ၏။ (စာရေးသူ)

## သုံးဆူတန်း ရိပ်သာ

ကျောက်ပန်းတောင်းမြို့ တောင်ဘက် ပိုင်းတွင် ကျောက်ပန်း ကျောက်ခက်တို့ဖြင့် တင့်တယ်သော ကျောက်တောင်ကြီးပေါ်၌ လွန်ခဲ့သော နှစ်ပေါင်း (၁၀၀)ခန့်က တည်ထားခဲ့သော စေတီသုံးဆူ ရှိလေသည်၊ စေတီသုံးဆူတန်းလျက် တည်နေသဖြင့် ၎င်းတောင်ကို "သုံးဆူတန်းတောင်"ဟု ခေါ်ကြ၏။

သုံးဆူတန်းစေတီများ၏ ခြေတော်ရင်း သာသနာ့နယ်မြေအတွင်း၌ နယ်နိမိတ် အရံအတား ပြုပြီးလျှင် ၁၃၂၃-ခုနှစ် တပေါင်း လပြည့်ကျော် ၂-ရက် တနင်္ဂနွေနေ့ နံနက်(၁၀)နာရီအချိန်တွင် သာသနာ့ရိပ်သာ စ၍ တည်ထောင်ခဲ့လေရာ သုံးဆူတန်းစေတီတော်များကို အစွဲပြု၍ ရိပ်သာကိုလည်း သုံးဆူတန်းရိပ်သာဟု နာမည် မှည့်လေသည်၊ ရိပ်သာ တည်

စာကြည့်စင်
၁၀၅၂

ထောင်ရာ၌ နာယကဆရာတော် သီတင်းသုံးရန် အသားကျောင်းနှင့် တိုက်ကျောင်း နှစ်ဆောင်ကို ကျောင်းအမကြီး ဒေါ်လှဒွေး သား ကိုသောင်းတင်တို့က စေတနာအလျောက် ဆောက်လုပ်လှူဒါန်းလေသည်၊ ရဟန်းယောဂီ၊ သီလရှင်ယောဂီ၊ အမျိုးသားအမျိုးသမီးယောဂီတို့ သီတင်းသုံးနေထိုင်ရန် အဆောက်အဦများကိုင်၊ လျှပ်စစ်မီး ရေ ရရှိရန်နှင့် ရေသိုလှောင်ရန် အုတ်ရေကန် စသည်များကိုင်၊ မဂ်ယာဉ်မဲ့ရုံကြီးကိုင် ဦးပု၊ ဦးညိုပု၊ ဦးဘိုးတူ၊ ဦးဘကြွင်၊ ဒေါ်တင် (ဝါးခယ်မ) ဦးဘိုးလွန်၊ ဦးဘိုးစိန်၊ ဦးအောင်သန်း၊ ဒေါ်ဖွားဆွေ ညီမတစု၊ ဒေါ်အေးညွန့် သားသမီး တစု၊ ဦးအောင်သိန်း၊ ဒေါ်ထွန်းရှင်၊ ဒေါ်ကြွက်၊ ဒေါ်မြရွှေ အစရှိသော ယောဂီ ဒါယကာ ဒါယိကာမ အပေါင်းတို့က ဆောက်လုပ် ဆောင်ရွက်လှူဒါန်းကြလေသည်။

### ကမ္မဋ္ဌာနာစရိယ အရှင်ပဏ္ဍိစ္စ

အရှင်ပဏ္ဍိစ္စထေရ်သည် ချောက်မြို့နယ် ငွေးချိုရွာဇာတိဖြစ်၍ ငယ်စဉ်က ပခုက္ကူ မဟာဝိသုတာရာမတိုက် ရေနံချောင်း ရွှေတောင်တိုက် ပါဠိတက္ကသိုလ်များတွင် ပရိယတ် ပြည့်စုံအောင် သင်ယူပြီးနောက် ချောက်မြို့နယ် သစ်တိုက်ရွာကျောင်းတွင် ကျောင်းထိုင်ဆရာတော်အဖြစ် သီတင်းသုံးခဲ့၏၊ဆဋ္ဌသံဂါယနာတင်စဉ် အခါက ရေနံချောင်း ရွှေတောင်တိုက်မှ သံဂါယနာ ဝန်ဆောင် အဖြစ်ဖြင့် ရန်ကုန်ကြွကာ သံဂါယနာတင်ကိစ္စ ဆောင်ရွက်ပြီး ၁၃၁၈-ခုနှစ်၊ နယုန်လဆန်း ၂-ရက်နေ့တွင် မဟာစည်ကမ္မဋ္ဌာန်းဌာနသို့ သွားရောက်၍ ဝိပဿနာတရားကို ကြိုးစားအားထုတ်လျက် ကမ္မဋ္ဌာနာစရိယ သင်တန်းသို့လည်း တက်ရောက်လေ့လာခဲ့၏၊ ဝါကျွတ်သောအခါ မဟာစည်ဆရာတော်ဘုရားကြီး၏ စေလွှတ်တော်မူချက်အရ ဘိုကလေးမြို့နယ် မြင်းကကုန်း သာသနာ့ရိပ်သာသို့ ကြွ၍ ကမ္မဋ္ဌာနာစရိယတာဝန်ကို ဆောင်ရွက်ခဲ့ရ၏၊ ထိုဌာနတွင် သုံးဝါတိုင် ဆောင်ရွက် ပြီးနောက် ကျောက်ပန်းတောင်းမှ စာရေးကြီး ဦးကံရုံ အမှူးရှိသော ဒါယကာ ဒါယိကာမများက ၎င်းတို့ဌာနသို့ သာသနာပြုကြွပါရန် လျှောက်ကြသဖြင့် ရန်ကုန်သို့ ပြန်၍ မဟာစည် ဆရာတော် ဘုရားကြီး၏ ခွင့်ပြုသဘောတူညီချက်ကို ရယူလျက် ၁၃၂၃-ခု၊တပေါင်းလဆုတ် ၁၂-ရက်နေ့တွင် ကျောက်ပန်းတောင်းမြို့ သုံးဆူတန်းရိပ်သာ၌ စတင်၍ တရား ပြသရပြန်လေသည်။

၁၃၂၄-ခုနှစ်၊တန်းဆောင်မုန်းလတွင် ရန်ကုန်မြို့ သာသနာ့ရိပ်သာ အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် စစ်ကိုင်း ဆင်မြားရှင် ဆရာတော် ဝါးခယ်မရိပ်သာ ဆရာတော်တို့နှင့် ညောင်ဦးရိပ်သာသို့ ကြွလေရာ ကျောက်ပန်းတောင်းမှ ဆရာတော်နှင့်ယောဂီများလဲ တောင်တွင်းအရောက် သွားရောက် ကြိုဆိုကြ၏၊ မဟာစည်ဆရာတော်ဘုရားကြီးအားလည်း ရိပ်သာဖွင့် တရား ဟောပါရန် ကြိုတင် လျှောက်ထားကြ၏၊ ထို့ကြောင့် ညောင်ဦးမှအပြန်တွင် ကျောက်ပန်းတောင်း ရိပ်သာသို့ ဝင်၍ ဆင်မြားရှင် ဆရာတော်ကို ရှေ့ပိုင်းတွင် တရား ဟောစေပြီး နောက်မှ ဆရာတော် ဘုရားကြီးကိုယ်တိုင် အသိအမှတ်ပြု တရားဟော ချီးမြှောက်၍ မဟာစည် ရိပ်သာခွဲ သုံးဆူတန်းရိပ်သာကို ဖွင့်လှစ်ပေးခဲ့ပါသည်။

### ယောဂီများအား ထောက်ပံ့ပုံ

သုံးဆူတန်းရိပ်သာတွင် ရောက်လာသော ယောဂီများကို ဆရာတော် **အရှင်ပဏ္ဍိစ္စထေရ်**ကတရားဟော တရားပြ၍ တပည့် **အရှင်ဝ** တ-က ဝါတွင်းသုံးလ ဥပုသ်နေ့တိုင်း ဥပထမ္ဘက အဖြစ်ဖြင့် တရားဟော၏၊ **ဦးဇုန္ဒဝံသ**နှင့် **ဦးကောသလ္လ**တို့က နေရာချထားမှုစသော တာဝန်များကို ဆောင်ရွက်ကြ၏၊ ရိပ်သာ ဒါယကာ ဒါယိကာမများနှင့် ယောဂီဟောင်းများက သံဃာတော်များနှင့် ယောဂီများအတွက် ဆွမ်းခဲဘွယ် ဘောဇဉ်များကို စုပေါင်းထောက်ပံ့ကြ၏။

ဤသို့လျှင် ကျောက်ပန်းတောင်းမြို့ သုံးဆူတန်း သာသနာ့ရိပ်သာသည် ပဋိပတ္တိသာသနာတော် စည်ပင်ပြန့်ပွားရေးအတွက် ဆရာ ဒကာ ညီညွတ်စွာ ဆောင်ရွက်နေသော ကိုးတက်သည့်ရိပ်သာတခုဖြစ်၍ အယုတ်အလတ်အမြတ်မရွေး ရပ်ဝေးရပ်နီးမှလာပြီး အားထုတ်နိုင်ပါကြောင်း ကြော်ငြာမောင်းခတ်လိုက်ရပါသတည်း။

## မဟာစည် ဟိတေသီမဂ္ဂစာစောင်

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | မဟာစည်ဟိတေသီမဂ္ဂစာစောင် .... | ၁ |
| ၂။ | ဟိတေသီမဂ္ဂစာစောင်ထုတ်ဝေရေးအတွက် အစည်းအဝေးမှတ်တမ်း .... | ၂ |
| ၃။ | ဟိတေသီအမှုဆောင်အဖွဲ့စာရင်း .... | ၄ |
| * | ဓာတ်ပုံ .... .... | ၅ |
| ၄။ | ဟိတေသီအဖွဲ့၏ ဆောင်ရွက်ဖွယ်ရာသိုလ်တော်များ .... .... | ၅ |
| * | မဟာစည်ဒေသနာခရီးကဏ္ဍ | |
| ၅။ | ပခုက္ကူ အရှင်ကေသရ-၏ ကွမ်းခြံကုန်းနှင့် မဟာစည် .... .... | ၇ |
| ၆။ | ညောင်ကန် အရှင်ကုလန္ဒက-၏ သဘင်းမွှေးသည့် အင်းလေးသို့ .... | ၁၁ |
| ၇။ | ဈေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ အဆုံးအမ သြဝါဒကထာ | ၂၂ |
| ၈။ | ဟိတေသီအဖွဲ့၏သစ္စာအဓိဋ္ဌာန် ၅-ချက် | ၂၃ |
| * | မဟာစည်ပုဂ္ဂိုလ်အဖြေရတနာကဏ္ဍ | |
| ၉။ | ဆိပ်ခွန်ရွာ၊ ပိဋကတ်ကျောင်းဆရာတော်၏ သောတာပန် ရဟန်းလူထွက်,မထွက် ပြဿနာ မဟာစည်အဖြေရတနာ .... | ၂၄ |
| ၁၀။ | ဖျာပုံသာသနာ့ရိပ်သာဆရာတော်၏ ဝိဇ္ဇာစရဏသမ္ပန္နဆောင်ပုဒ် ပြဿနာ မဟာစည်အဖြေရတနာ .... | ၂၉ |
| * | မဟာစည်သြဝါဒကဏ္ဍ | |
| ၁၁။ | ရမည်းသင်းမြို့ ဝိနည်းစာပြန်ပွဲမှာ စမ်းမြောက်ဖွယ်ရာနှင့်သတိပြုဖွယ်ရာ မဟာစည်သြဝါဒကထာ .... | ၃၁ |
| * | မဟာစည်အနုမောဒနာကဏ္ဍ | |
| ၁၂။ | ရွှေနှင်းဆီ ကိတ်မုန့်တိုက် အိမ်သစ်တက်မင်္ဂလာတရားတော် .... .... | ၃၆ |
| * | မဟာစည်သာသနာ့ရိပ်သာ အဖြာဖြာကဏ္ဍ | |
| ၁၃။ | ပါဠိပါရဂူဆရာတော်အရှင်ဇဋိလ၏ ကျောက်ပန်းတောင်းမြို့၊မဟာစည်သုံးဆူတန်းသာသနာ့ရိပ်သာ | ၄၂ |
| * | မဟာစည်ယောဂီကိုယ်တွေ့ကဏ္ဍ | |
| ၁၄။ | ဂရုဏ်(ဂ်)ရဲလ်ဘာရိ(သ်)၏အမြင် .... | ၃၄၅ |



အတွဲ (၁) အမှတ် (၁)

**တာဝန်ခံစာတည်း**

ညောင်ကန် အရှင်ကုလန္ဒက

**ထုတ်ဝေသူ**

ဒေါ်တင်တင်မြ
ကင်းလွတ်ခွင့်အမှတ်(၂၉၁)၊ မဟာစည် သာသနာ့ရိပ်သာ၊ ၁၆-ဟာမစ်တစ်လမ်း၊ရန်ကုန်။

**ထုတ်ဝေခွင့်**

ဘာသာရေးဆိုင်ရာစာမူ
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၇၄၁)

**ပုံနှိပ်သူ**

ဦးတင်မောင် (၀၂၅၆-မြ) စာပေပေါင်းကူးစာပုံနှိပ်တိုက်၊ အမှတ်-၉၀၊ အေ-ဘီ၊ ဝေဇယန္တာလမ်း"(ဂ)ရပ်ကွက်၊တ/ဉက္ကလာပ ရန်ကုန်မြို့။

**မျက်နှာဖုံး**

စကားဝါပုံနှိပ်တိုက်၊
၃၃-လမ်း၊ ရန်ကုန်။
အုပ်ရေ-၆၀၀၀၊
ဓမ္မဒါန။
၁၉၇၉-ခု နိုဝင်ဘာလ
ပထမ အကြိမ်



၁၀၅၅



ဟိတေသီအဖွဲ့ ၁၆-မဟာစည်သာသနာ့ရိပ်သာ၊ သာသနာ့ရိပ်သာလမ်း၊ရွှေဂုံတိုင်စာတိုက်၊ ရန်ကုန်